ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်












## သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝ ရှိလား...၊ ငရဲဆိုတာ ရှိသလား...၊ ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊ ကောင်းတာလုပ်ရင် ဘာဖြစ်မလဲ...၊ မကောင်းတာလုပ်ရင် ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

### ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလ္လင်ပျံရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာဃလုလင် (သိကြားမင်းကြီး ဦးမာဃ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်း၍ငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဖောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆ )ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဉ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှဲကုန်သည်နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဍ္ဍာဓိုရ် နှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ချာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာအပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု–သ–န–သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ခွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ
- ဖခင်မေတ္တာ
- အင်္ဂုလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ


ဆုပြည့်စုံထွန်းစာပေ

အမှတ်–၅၀၈/၅၁၂(၂–ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃။

# ပုံပြင်ကမ္ဘာ

## ကလေးရုပ်စုံစာစောင်

---------------------- ၏ စာအုပ် ဖြစ်ပါသည်။

---------------------- က ဝယ်ပေးပါသည်။




**ဆုပြည့်စုံထွန်းစာပေ**

အမှတ် – ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အယ်ဒီတာချုပ်**

ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**

မျိုးဇော်ထက်

**အုပ်ချုပ်မှုအယ်ဒီတာ**

ခင်မာရွှေ

**အမှုဆောင်အယ်ဒီတာ**

လင်းသက်ခိုင်

**အယ်ဒီတာအဖွဲ့**

ဉာဏ်လင်းထက်

**ရုံးအဖွဲ့**

ကိုစိုးသိန်း၊ ဆန်းဇော်၊ ရှိုင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဥ္ဇာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

asm

Computer

မင်းထွဋ်၊ ဝဏ္ဏဝေ၊ ပိုပိုဇင်၊ မျိုးစုမာ၊ အေးသွယ်၊ မီမီဇင်၊

Film - Eagle

layout - Quality

**ပုံနှိပ်သူ** - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စာအုပ်ချုပ်** - တင်မေထွန်း

**ကြော်ငြာတာဝန်ခံ**

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

**ထုတ်ဝေသူ**- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

**အုပ်ရေ - ၅၀၀**

**တန်ဖိုး - ၁၂၀၀ ကျပ်**

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**

အမှတ် -၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



**အထက်မြန်မာပြည်ဖြန့်ချိရေး**

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

**ရှမ်းပြည်နယ်ဖြန့်ချိရေး**

မီလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လစဉ်ပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လစဉ်မှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

**လစဉ်မှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**

# ပုံပြင်ကမ္ဘာ

## ကလေးရုပ်စုံစာစောင်

အမှတ် (၃၃) ၊ မတ်လ ၊ ၂၀၁၃ ခုနှစ်။


| | | |
|---|---|---|
| မှတ်ဉာဏ်ကောင်းသောဘုရင်ကြီး | ပန်းချီ ကံကောင်း | ၅ |
| ပြည်သူ့တပ်မတော် | အရုပ်ဖော် မောင်ရဲသူ ( ရန်ကုန်တက္ကသိုလ် ) | ၁၅ |
| တော်ဝင်တဲ့ ဗေဒင်ဆရာ | နန္ဒာမိုးကြယ် | ၂၅ |
| တရားကိုနတ်စောင့် | လင်းသက်ခိုင် | ၂၉ |
| မတ်တရာဆရာတော် | ကာတွန်းဝင်းမြင့်အောင် | ၃၃ |
| ရွှေနားပန်နဲ့စေတမန် | အောင်နိုင် (တက္ကသိုလ်) | ၅၁ |
| ယုံတမ်းစကားပြောသူများ | လင်းငြိမ် | ၅၄ |
| တရုတ်ရိုးရာ စကားပုံ ပုံပြင်များ | ကာတွန်းချစ်သူ | ၅၇ |
| ရုပ်ဆိုးလေး | ကာတွန်းတာရာ | ၆၃ |
| သစ္စာမဲ့သူ၏ရလဒ် | သန္တာမြတ်သောင်း | ၇၃ |
| ပုရွတ်ဆိတ်လေးနဲ့ ရေသည်ယောက်ျား | လရိပ်မေ (သာပေါင်း) | ၇၇ |
| တောင်ပြုံးမင်းညီနောင် | ခွန်းချိုသံသာ | ၈၁ |
| ငန်းရိုင်း (၁၁) ကောင် | နိုင်ငံတကာ | ၈၈ |
| ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို (၂) | asm | ၁၀၃ |

# အယ်ဒီတာ့စကား

ကလေးတို့ရေ . . .

တို့မြန်မာတွေ အင်္ဂလိပ်ဆီကနေ လွတ်လပ်ရေးရဖို့ ကြိုးစားရာမှာ လက်နက်စွဲကိုင်တိုက်ခိုက်မှ ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်ဟာ ဂျပန်နိုင်ငံမှာ စစ်ပညာသင်ယူခဲ့ကြတယ်။ စစ်ပညာသင်ကြားပြီးတဲ့နောက် ယိုးဒယားနိုင်ငံမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး ဂျပန်တပ်တွေနဲ့အတူ မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ကြတယ်။

အင်္ဂလိပ်တွေကို တိုင်းပြည်ထဲက မောင်းထုတ်နိုင်ခဲ့ပေမဲ့ ကူညီခဲ့တဲ့ ဂျပန်တွေက ပြန်မထွက်ဘဲ တိုင်းပြည်ကို အတုအယောင် လွတ်လပ်ရေးပေးကာ အုပ်ချုပ်နေခဲ့ကြတယ်။

ဖက်ဆစ်ဂျပန်တွေရဲ့ ကောင်းမှုနဲ့ တစ်ပြည်လုံး မွဲပြာကျပြီး ရောဂါဘယတွေလည်း အလွန်ထူပြောနေပါတော့တယ်။ ဒီအချိန်မှာကောင်းစားနေတဲ့သူတွေကတော့ဖက်ဆစ်ဂျပန်တွေနဲ့ ပူးပေါင်းပြီး ပြည်သူကို သွေးစုပ်နေတဲ့ ပြည်သူ့သစ္စာဖောက် တစ်ကိုယ်ကောင်းသမားတွေနဲ့ သူတို့ရဲ့မိသားစုတွေ ဆွေမျိုးသားချင်းတွေပဲပေါ့။ ဂျပန်တွေပေးတဲ့အခွင့်ထူးတွေ ရယူခံစားနိုင်ပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းက သူနဲ့ သူ့ပတ်ဝန်းကျင်ကောင်းစားရုံ မကြည့်ခဲ့ဘဲ ဆင်းရဲနွမ်းပါးတဲ့ဘဝ ကျရောက်နေတဲ့ ဂုတ်သွေးစုတ်ခံနေရတဲ့ ပြည်သူအများစုမျက်နှာကို ကြည့်ပြီး သူတို့ကိုစစ်ပညာသင်ကြားပေးတဲ့ ဆရာ၊ဖက်ဆစ်ဂျပန်တွေကိုမြန်မာ့မြေပေါ်ကနေ အပြတ် မောင်းထုတ်ပစ်ခဲ့တယ်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ကစပြီး မြန်မာတစ်ပြည်လုံးမှာ ဖက်ဆစ်ဂျပန်တွေကို ပြည်သူတစ် ရပ်လုံးနဲ့ တပ်မတော်တို့ပူပေါင်း တိုက်ထုတ်ခဲ့ကြတယ်။

မတ်လ ၂၇ ရက်ဟာ ပြည်သူနဲ့ တပ်မတော်ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ အမှတ်ရစရာနေ့တစ်နေ့ ဖြစ်ပါတယ်။ အရင်တုန်းက တော်လှန်ရေးနေ့လို့ ခေါ်ဆိုခဲ့ပြီး နောက်ပိုင်းမှာတော့ တပ်မတော်နေ့ အဖြစ်သတ်မှတ်ခေါ်ဆိုခဲ့တယ်။

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့

# မှတ်ဉာဏ်ကောင်းသော သူကြီး

ဇာတ်လမ်း.... ကျော်ဇေယျ
ဇာတ်ညွှန်း... အောင်သိန်းနိုင်
ပန်းချီ... ဂါကောင်း




မေတ္တာ..ရေ..၊ စားနှင့်ပေါ့..။ ငါ..ဒီတစ်ပုဒ်ကို..ပြီးအောင်..ရေး လိုက်ဦးမယ်ကွာ..။ အာရုံဝင်တဲ့မှာ.. ပေါ်တုန်း..ရေးထားလိုက် ဦးမယ်ပေါ့..။
မောင်မေတ္တာ..ကလည်း..သူငယ်ချင်း..လိုအပ် သော..အချက်အလက်များကို..ကူညီရှာဖွေ ပေးလေသည်... ...။
သူငယ်ချင်း..သဏ္ဍာ..၊ မင်း လိုချင်နေတဲ့..စာအုပ်တွေ..ငါ..ရှာ ဖွေပြီး...ယူလာခဲ့တယ်..၊ ရော့..ရော့...
ကျေးဇူးပါပဲ..မေတ္တာ..ရယ်..။
ဤသို့ဖြင့်..ကဗျာရှည်ကြီး..ပြီးသောအခါ..ဖတ် ရှုသူ..အပေါင်းမှာ..များစွာ..ကျေနပ်နှစ်သက်ကြ ပြီး...တေသဏ္ဍာ..၊ အား..များစွာ..ချီးမွမ်းကြလေ သည်... ....
ကောင်းလိုက်တဲ့..ကဗျာ ပါပဲ..ကိုသဏ္ဍာ..ရယ်..၊ ရသစုံတဲ့ အရသာရှိ..ဟင်းတခွက်ကို..စား လိုက်ရသလိုပါပဲ..။
ဟုတ်တယ်..၊ သဏ္ဍာ..။ မင်းကဗျာ က..တော်တော်ကောင်းတယ်ကွ..၊ တို့ ဘုရင်ကြီးက..စာပေကို..အလွန်နှစ်သက်သူ ပါသူမို့..မင်းကြီးထံ..ဆက်သွင်းရင် ကောင်းမယ်..။


အော်..,ငါလည်း အဲဒါပဲ စဉ်းစား နေတာကွ..မေတ္တာရ.., မင်းကြီးက.. ခုလေ..ဝါသနာပါတဲ့အပြင်..ဉာဏ် ပညာလည်း..ကြီးမြင့်သူ..ဆိုပြီး.. ကျော်ကြား..ထင်ရှားနေတယ်ပါ.. မဟုတ်လား..,
ဘုရင်ကြီး တင်မကပါဘူး.., သူ့သမီး တော်နှစ်ပါးကလည်း..မှတ်ဉာဏ်အလွန် ကောင်းတဲ့သူတွေကွ..သန္တာ..ရ..,ဘုရင်ကြီးနဲ့ သမီးတော်နှစ်ပါး လုံးဟာ..သူတို့တစ်ခါမှ.. မကြားဖူးတဲ့..ဂါထာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို.. သူတို့ရှေ့မှာ..တစ်ခါရွတ်ပြရုံနဲ့...ချက်ချင်းပြန် ပြီး..အလွတ်ရွတ်ဆိုပြနိုင်သူတွေဆိုပြီး.. ကျော်ကြားနေကြသူတွေဆိုတာ.. မင်းလဲ..သိသားပဲ...,
ဟုတ်ပါသည်..,သူတို့နှစ်ဦး..ပြောဆိုသကဲ့သို့ပင်..ဘုရင် ကြီးသည်..သူနှင့်သမီးတော်နှစ်ပါး၏..မှတ်ဉာဏ် ကောင်းမှုကို..အခွင့်ကောင်းယူကာ..စာဆိုများအား.. ဤသို့..ကြေငြာထားလေ၏...,
မည်သူမျှ..မကြားဖူး..မဖတ်ဖူး သေးသော...ကိုယ်ပိုင်ရေးသားထားသည့် ကဗျာများကို..လာရောက်..ဆက်သ နိုင်သည်...,
ထိုသို့..ဆက်သနိုင်က.. လိုသောဆုကို..တောင်းနိုင် သည်...,


ဤ..ကြေငြာချက်ကြောင့်..စာဆိုအများအပြားသည် ဘုရင့်ရှေ့တော်မှောက်သို့..ဝင်ရောက်ကာ..သူတို့၏ အကောင်းဆုံး..ကဗျာများကို..ဆက်သွင်းကြပါ၏။ သို့သော်..မည်သူမျှ..ဆုရရှိသည်ဟူ၍..မကြားကြ ရသေးချေ... ...။
သူများတွေ..ဆုမရပေမဲ့.. မင်းကဗျာကတော့..ရနိုင်တယ်။ ဒီတော့..မင်း..ဘုရင်ကြီးဆီကို.. သွားဆက်သွင်းကြည့် ကွာ..။
ဘုရင့်ဆုမရလည်း နေပါစေ မောင်ရာ..ရယ်..။ ဒီကဗျာကြီးဟာ.. တို့..တိုင်းပြည်ရဲ့..သရုပ်ဖော်ပန်းချီ ကားကြီးလို..လူတွေလက်ခံကြတာ နဲ့တင်..ငါ..ကျေနပ်နေပါပြီ။
ဒီလိုလည်းမပြောတတ်သေးဘူးလေ..။ မင်း ကဗျာကို..ဘုရင်က..အသိအမှတ်ပြုပြီး..ဆု ချီးမြှင့်လိုက်ရင်.. မင်းရဲ့ကဗျာကြီးဟာ..ပိုပြီး တန်ဖိုးရှိသွားမယ်။ မင်းလည်းအပင်ပန်းခံရကျိုး နပ်သွားမယ်..။ လောကမှာ..ကြိုးစားအားထုတ် မှုတိုင်းအတွက်..ထိုက်တန်တဲ့ဆုလာဘ် တော့..ရှိသင့်တယ်..မဟုတ်လား။
အင်း..။ မင်းဒီလောက်တိုက် တွန်းနေတော့လည်း.. မင်းကြီး ရှေ့တော်မှောက်ကိုသွားပြီး..ငါ့ ကဗျာကို..ဆက်သွင်းကြည့် ပါတော့မယ်ကွာ..။


မောင်မေတ္တာ…တိုက်တွန်းနှိုးဆော်မှုဖြင့်…နောက်ဆုံးတွင်… မောင်သစ္စာ…သည်…ဘုရင်ကြီး၏…ရှေ့တော်မှောက်သို့… ရောက်ခဲ့ရပါတော့၏…။ မောင်သစ္စာနှင့်အတူ…မောင်မေတ္တာက အဖော်အဖြစ်…လိုက်ပါလာခဲ့လေသည်…။
ဒီနေ့…ကောင်းပြီ။ မောင်သစ္စာရဲ့ကမ္ဘာကို…ငါကိုယ်တော်မြတ်နားဆင်မယ်…။ မောင်မင်းရဲ့ကမ္ဘာဟာ…ကိုယ်တိုင်ရေးထားတာ…မှန်ရင်…ဘယ်သူ့မှ…မကြားဖူးသေးတာ…ဖြစ်ရမယ်…။ တစ်ယောက်ယောက်က ကြားဖူးတယ်ဆိုရင်…သူများ…ရေးပြီးသား…ကမ္ဘာကို…ကူးထားတာပဲ…ဖြစ်ရမယ်… မဟုတ်ဘူးလား…
မှန်လှပါ…ကျွန်တော်မျိုးကမ္ဘာဟာ…ကိုယ်တိုင်ရေးတာ…မှန်ပါတယ်။ သို့ပေမဲ့ လူတော်တော်များများလည်းဖတ်ဖူး…ကြားဖူးနေပါပြီ…။ ဒီလူတွေကလည်း…ကျွန်တော်မျိုး…ကိုယ်တိုင်ရေးထားကြောင်း…သိကြပါတယ်ဘုရား…။
မောင်မင်းရဲ့ကမ္ဘာကို…ဒီနန်းတွင်းက…ပုဂ္ဂိုလ်တွေကော…ဖတ်ဖူးကြသလား…
မဖတ်ဖူးကြောင်းပါ…။
ဒါဖြင့်…နန်းတွင်းက…ပုဂ္ဂိုလ်တစ်ယောက်ယောက်က…ဒီကမ္ဘာကို…သိနေရင်…ဒါဟာ…မောင်မင်း ကိုယ်တိုင်ရေးတာ…မဖြစ်နိုင်တော့ဘူး…။ ကဲ…စပြီး…ရွတ်ဆိုပေတော့…။


မောင်သစ္စာ..သည်၏ စိတ်နှလုံး...ညစ်ညူးစွာနှင့် သူ၏.. ကဗျာကို..ရွတ်ဆိုလေရာ...ဘုရင်ကြီးနှင့်တကွ..သမီး တော်..နှစ်ပါး၊ အပါအဝင်..ညီလာခံတစ်ခုလုံး..မောင် သစ္စာ..၏..ကဗျာကို..အာရုံစိုက် နားထောင်ကြပါ တော့၏...။
ကဗျာပြီးဆုံးသွားသောအခါ..မင်းကြီးသည်..ပြုံး တော်မူလျက်..မိန့်တော်မူလေ၏...။
မောင်မင်း၏ကဗျာက..အတော်ကောင်း ကြီးပဲ...။ မောင်မင်း မမွေးခင်ကတည်း က..ဒီကဗျာကို...ပညာရှိတစ်ယောက် ရေးခဲ့တာ..ကိုယ်တော်တောင်..အလွတ် ရွတ်ပြနိုင်သေးတယ်..။ ကဲ..နားထောင် ကြည့်...။
မင်းကြီးသည်..မောင်သစ္စာ..ဆိုသောကဗျာကို.. တစ်လုံးမလွဲအောင်..အလွတ်ဆိုပြပြီး..သမီးတော် ကြီးနှင့်..သမီးတော်အငယ်အား..ရွတ်ဆိုပြရန်..အ မိန့်ပေးတော်မူရာ..သမီးတော်..နှစ်ပါးကလည်း.. အစမှ..အဆုံး..အမှားအယွင်းမရှိ..ပြန်ရွတ်ပြလေ တော့၏...။ မောင်သစ္စာ..ရော..မောင်မေတ္တာ..ပါ..မျက်နှာ ပျက်လျက်..ရှိလေပြီ...။
ကဲ..မောင်မင်း၏ကဗျာဟာ.. ကိုယ်တိုင်ရေးတာ..မဟုတ်တဲ့.. ခိုးချထားတာ..ထင်ရှားနေပြီ..မဟုတ် လား..။ ဒီတစ်ခါတော့..သည်းခံလိုက်မယ်၊ နောက်တစ်ခါ..ဒီလိုလုပ်ရင်..ကောင်း ကောင်း..အပြစ်ပေးခံရမယ်..၊ အခု ချက်ချင်း..နန်းတွင်းကထွက်သွား စေ... မောင်မင်း...။


ရှက်လည်းရှက်၊ ဝမ်းနည်းသော မျက်နှာနှင့် သိမ်ငယ်စွာ ထွက်ခွာသော... သူငယ်ချင်း မောင်သစ္စာကို ကြည့်ကာ... မောင်မေတ္တာ... စိတ်ထိခိုက်သွားခဲ့ရပါပြီ... ...။
တောက်...၊ ငါ.. သက်သက်မဲ့.. သူတို့.. မှတ်ဉာဏ်ကောင်းတာကို.. အသုံးချပြီး.. အရှက်ခွဲလိုက်တာ... ဒင်းတို့ကို ငါ.. ပညာပြန်ပေးရ မယ်...။
မောင်မေတ္တာ.. သည်... ထိုနေ့မှစ၍ သူငယ်ချင်း အတွက်.. အဖတ်ဆည်ပေးရန်.. အမြဲတွေးတော ကြံဆနေတော့ရာ... နောက်ဆုံးတွင် အကြံတစ်ခု ရသွားပါတော့သည်။
ဟား.. ဟုတ်ပြီ...၊ ဒီအကြံ အတိုင်းဆို.. ငါ... ကဗျာတစ်ပုဒ်ရေး ဖွဲ့ပြီး.. မင်းကြီးကို.. ဆက်သရ မယ်...။
မောင်မေတ္တာ.. သည်.. သူ၏.. အကြံကို.. အကောင်အထည်ဖော်ရန်... ကဗျာရှည်ကြီး.. တစ်ပုဒ်ကို.. ရေးဖွဲ့ ပါတော့သည်။ သူ၏ ကဗျာကား... နန်းတွင်းရှိ.. ချစ်သူ.. ဘုရင့်သမီးတော်ထံ... ချစ်သဝဏ်လွှာပို့ သည့်အကြောင်း ဖြစ်၏...။ မင်းသမီး လေး.. ချောပုံ၊ လှပုံ၊ မှတ်ဉာဏ်ကောင်းပုံ၊ မင်းသမီးလေးနှင့်.. ဘုရင်ကြီး မသိအောင် ချိန်းတွေ့ကြပုံ၊ မင်းသမီးလေးက.. ဘုရင်ကြီး မသိအောင်.. တစ်နေရာရာကို.. ထွက်ပြေးရန် အကြံပေးပုံ၊ သူက ကြောက်သဖြင့်.. မစွန့်စားရဲပုံ၊ နောက်ဆုံးတွင်.. မင်းသမီးလေးကို မခွဲ နိုင်တော့သဖြင့်.. ထွက်ပြေးရန်.. ချိန်းချက်ပုံတို့ကို.. ဖွဲ့နွဲ့ကာ... မောင်သစ္စာ.. တားမြစ်နေသည့်ကြားမှ.. မင်းကြီးထံ ဆက်သွင်းရန်.. တစ်ချိုးတည်း ထွက်ခဲ့ပါတော့သည်။


ဘုရင်ကြီး...ရှေ့မှောက်ရောက်သောအခါ..ဘုရင်ကြီးက.ထုံးစံအတိုင်း..မြွာဆိုရာ..မောင်မေတ္တာ..ကလည်း..ရဲရဲတွာပင် ပြန်လည်လျှောက်တင်လေ၏...။
မှန်လှပါ...။ ကျွန်ုပ်ကဗျာကို..ကျွန်တော်မျိုးကိုယ်တိုင်..ရေးထားခြင်းမှန်ပါတယ်။ သို့သော်..ကျွန်ုပ်ကဗျာနှင့်..သက်ဆိုင်သူ..မိန်းကလေးဆီသို့...ပို့ထားပြီးဖြစ်၍...အဲဒီမိန်းကလေးက..ရွတ်ဆို..ပြနိုင်ကောင်း..ပြနိုင်ပါလိမ့်မယ်..။ နောက်ပြီး...မိန်းကလေးရဲ့...မိဘအားစုတွေလည်း သိရှိ..ဖတ်ရှုထားပြီး..ဖြစ်နိုင်ပါတယ်..။ မညာဘဲပင်..ဖြစ်စေ...။ အဲဒီကဗျာကို ဆက်သွင်းခွင့်..ပြုပါ...ဘုရား...။
ဘုရင်ကြီးက..ခွင့်ပြုလိုက်တဲ့အခါ... မောင်မေတ္တာ..ဟာ.သူ့ကဗျာကို.သံနေသံထားနှင့်လွမ်းဆောက်အောင်..ရွတ်ဆိုပြလေသည်...။ သူ့ကဗျာကို..ကြားနာရသော..သမီးတော်နှစ်ပါး..မှာ..တစ်ယောက်မျက်နှာ..တစ်ယောက်ကြည့်ကာ...သံသယစိတ်များဝင်နေကြသဖြင့်..ကဗျာကို..ကောင်းစွာမှတ်ထားနိုင်ခြင်း..မရှိကြတော့...။ မင်းကြီးမှာလည်း..သမီးတော်နှစ်ပါးကို..ကြည့်ပြီး..ပါးသအမျက်ကို ချုပ်တီးနေရသဖြင့်...ကဗျာအပေါ်..မှတ်သားအားနေသည့်အကြံများ..လျော့ပါးသွားလေ၏...။


ကမျှာခုံးသောအခါ... ဘုရင်ကြီးမျက်နှာမှာ..နီမြန်း နေပြီး.. သမီးတော်နှစ်ပါးမှာလည်း..ရှက်လွန်းလှ သဖြင့်..ခေါင်းမဖော်ဝံ့ကြချေ..။ ညီလာခံတစ်ခုလုံး မှာလည်း...မောင်မေတ္တာ..အတွက်..စိုးရိမ်စိတ် ကြောင့်..ငြိမ်သက်တိတ်ဆိတ်နေကြလေ၏...။
မောင်မင်းရေးထားတဲ့ကမျှာ ဟာ..တကယ့်အဖြစ်အပျက်လား...။ အဒီထဲက..မင်းသမီးဟာ..ဘယ်သူလဲ..၊ မှန်မှန်လျှောက်တင်စမ်း ..
မှန်လှပါ..၊ ဒီအဖြစ်အပျက် က..တကယ်မဟုတ်ပါဘူး..၊ စိတ် ကူးနဲ့..ရေးထားခြင်းပါဘုရား။ အစောက..ကျွန်တော်မျိုး လျှောက် တင်ထားကလည်း..ကမျှာကို..ပိုပြီး စိတ်ဝင်စားမှုရှိအောင်..လုပ်ကြံ လိုက်ခြင်း..ဖြစ်ပါတယ်..၊ ဒီအတွက် ကျွန်တော်မျိုးကို..ခွင့်လွှတ်ပြီး..ကျွန် တော်မျိုးကမျှာကို..ကိုယ်တိုင်ရေး ခြင်း..ဟုတ်၊ မဟုတ်..ဆုံးဖြတ်ပေး တော်မူပါဘုရား။
ထိုအခါမှ..မင်းကြီးသည်..ဒေါသပြေပျောက်သွားပြီး.. သမီးတော်များလည်း..ခေါင်းမော့ရဲလာကြတော့၏၊ သို့သော်..မင်းကြီးသည်..မောင်မေတ္တာ..ရွတ်ဆိုသွား သော..ကမျှာကို..ပြန်ရွတ်ဆိုမည်..ပြုသောအခါ.. ကောင်းစွာ..မမှတ်မိသဖြင့်..အခက်ကြုံသွားရတော့၏၊
အင်း..၊ မောင်မင်းရဲ့ကမျှာ ကို..ကိုယ်တော်မြတ်ကြားဖူး သလိုတော့ရှိတယ်..၊ ဒါပေမဲ့ သိပ်တော့..မသေချာဘူး..၊ သမီးတော်များကော..၊ ကြား ဖူး..မှတ်မိကြရဲ့လား..၊


ဟုတ်...သမီးတော်တို့လည်း မကြားဖူးကြသေးပါ..မ ခမည်းတော်.,
ဒါနိမ့်..,ကျွန်ုပ်ဆိုလျှင်..ငါ ကိုယ်တော်မြတ်ကြေငြာထား သည့်အတိုင်း..မောင်မင်းလိုရာ ဆုကို..တောင်းပေလော့။
မှန်လှပါ...အရှင်မင်းမြတ်နှင့်.. သမီးတော်နှစ်ပါး၏..မှတ်ဉာဏ် ကောင်းမှုကြောင့်..ကမ္ဘာဓာတ်ဆိုအများ အပြားမှာ..ကမ္ဘာဟောင်းများကို..လာ ရောက်ဆက်သွင်းသည်ဟု..အရှက်ခွဲ ရပြီး..များစွာ..ရှက်၍..ဝမ်းနည်းကြရပါ သည်..,ထိုဓာတ်ဆိုများအား..ထိုက်သင့် သောဆုများပေး၍...ချီးမြှင့်အားပေးပါ ရန်..ကျွန်တော်မျိုးအတွက် ဆုအဖြစ် တောင်းခံလိုပါသည်..ဘုရား.,
အရှင်ကြီးလည်း..သူ၏..လှည့်စားမှုကို..လူအများ..သိသွား ပြီ..ဖြစ်၍..မည်သို့မျှ မတတ်နိုင်တော့..မောင်မေတ္တာတောင်း သောဆုအတိုင်း..ဓာတ်ဆိုများအား..ထိုက်သင့်သောဆုများချီး မြှင့်ပါလေတော့သတည်း။
ဖြုန်း


ပြည်သူ့တပ်မတော်
မောင်ရှသု ရန်ကုန်တက္ကသိုလ်
စာစီစာကုံး မသော်တာအေးမြ
မြန်မာနိုင်ငံတော်ကြီး ထီးကျိုး စည်ပေါက် သူ့ကျွန်ဘဝ ရောက်သွားရချိန်မှာ မျိုးချစ်စိတ် သူ့ကျွန်မခံလိုစိတ်တို့နဲ့ပေါ်ပေါက် လာတဲ့မြန်မာ့တော်လှန်ရေး တပ်တွေဟာ မြန်မာနိုင်ငံ နေရာ အနှံ့မှာ ပေါ်ထွက်လာခဲ့တယ်။


မြန်မာ့တော်လှန်ရေးတပ်များဟာ စစ်ပညာနဲ့လက်နက်ပစ္စည်းများ အားနည်းနေကြပေမယ့်လည်း စိတ်ဓါတ်နဲ့ ဝီရိယရှိ သတ္တိရှိမှာတော့ နယ်ချဲ့ကြေးစားတပ်ထက် များစွာသာလွန်တယ်။
မြန်မာတပ်သားတွေဟာ ဇာတိမာန်ထက်သန်တယ်၊ သူရသတ္တိနဲ့ပြည့်စုံတယ်၊ သူ့ကျွန်ဖြစ်ရခြင်းထက် သေရသည်က မြတ်တယ်လို့ လက်ခံယုံကြည်ထားကြတယ်
ဒါကြောင့် မြန်မာ့တော်လှန်ရေးတပ်တွေဟာ နယ်ချဲ့တို့ကို နှစ်ပေါင်း တစ်ရာကျော် တစ်ဖို့လ်ဆင်းတစ်ဖို့လ်တက် တစ်တပ်ပျက်တစ်တပ်ပေါ် စံနစ်နဲ့ ဆက်လက်တိုက်ခိုက်ခဲ့ကြပြီး မြန်မာ့သွေးနီကြောင်း လက်တွေ့ပြခဲ့ကြတာပေါ့။


၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီး တောက်လောင်ပြီး အင်္ဂလိပ်တို့ အရှူးမီးပိုင်းဖြစ်နေချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော် သုံးကျိပ်ဝင်ရဲဘော်တွေဟာ ဂျပန်တို့နဲ့ ပူးပေါင်းခဲ့ကြတယ်။
ပြီးတော့ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ သွေးသစ္စာဆိုကြပြီး ဘီအိုင်အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ကြတယ်။
ဘန်ကောက်


ဘီအိုင်အေ တပ်ဟာ မြန်မာ နိုင်ငံကိုဝင်လာပြီးရန်ကုန်ကို သိမ်းပြီးတဲ့အခါ ၁၉၄၂ ခုနှစ်မှာ ဘီအိုင်အေ ကနေ ဘီဒီအေ(ခေါ်) ဗမာ့ကာကွယ်ရေးတပ်မတော် အဖြစ် ပြောင်းလဲခဲ့တယ် ..
၁၉၄၃ ခုနှစ်မှာ ဘီဒီအေ မှ ဘီအန်အေ (ခေါ်) မြန်မာ့အမျိုးသား တပ်မတော်၊ ၁၉၄၅ ခုနှစ်တွင် ဘီအန်အေကို ပီဘီအက်ဖ် ခေါ် မျိုးချစ် တပ်မတော်စသည်ဖြင့် အမျိုးမျိုးပြောင်းလဲခေါ်ဝေါ် ခဲ့တယ်။


မြန်မာ့လွတ်လပ်ရေး
တပ်မတော်ဟာ ဖွဲ့စည်း
စကာလက အင်အားနည်း
ပေမယ့်တစ်စတစ်စအင်အား
တိုးလာခဲ့တယ်။
၁၉၄၂ ခုနှစ် နှစ်ဦးပိုင်းမှာ
စစ်ကြောင်းကြီးလေးကြောင်း
ခွဲပြီး မြန်မာနိုင်ငံအတွင်း
ချီတက်ဝင်ရောက်လာခဲ့တယ်
ချီတက်ရာလမ်းတစ်လျှောက်
အလုပ်သမား လယ်သမား
များကပူးပေါင်းပါဝင်
လာကြလို့စုစုပေါင်းအင်အား
(၂၃၀၀၀) အထိ တိုးတက်
လာခဲ့တယ်။



ရဲဘော်သုံးကျိပ်နဲ့ ပူးပေါင်းတွန်းကာဂျပန်တွေက ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးရင် မြန်မာနိုင်ငံကိုလွတ်လပ်ရေး ပေးဖို့ကတိပြုခဲ့ကြတယ်။
တကယ်တမ်းသိမ်းပိုက်ပြီးတဲ့ အခါဂျပန်တို့ဟာလွတ်လပ်ရေး အတုကိုပေးပြီး မြန်မာလူထုအပေါ်လူမဆန်စွာ ဖိနှိပ်ချုပ်ချယ်လာတော့တယ်


ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာ့လွတ်လပ်ရေး တပ်မတော်ဟာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီး ဂျပန်ကိုပြန်ပြီးတော်လှန် တိုက်ထုတ်ဖို့အစီအစဉ်တွေချမှတ်တယ်
မြန်မာ့ လွတ်လပ်ရေး တပ်မတော်ကိုလည်း မြန်မာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) အမည်ပြောင်းလိုက်တယ်
ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ တပ်တွေဟာ ၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့မှာဖက်ဆစ် တို့ကိုတစ်ချိန်တည်း တော်လှန်ဖို့သတ်မှတ်တယ်


ဒါပေမဲ့ မြန်မာ့ ကာကွယ်ရေးတပ်မတော် တပ်ရင်း အမှတ်(၅)ဟာ မိတ္ထီလာမြို့ကိုမဟာမိတ် တပ်တွေဝင်တိုက်ချိန်မှာ အခွင့်ကောင်းရတာနဲ့ သတ်မှတ်ရက်ထက်စောပြီး ဂျပန်တို့ကိုစတိုက်တယ်..
ဗိုလ်ချုပ်ဟာသတ်မှတ်ထားတဲ့အတိုင်း ၁၉၄၅ ခု မတ်လ (၂၇) ရက်နေ့မှာ တော်လှန်ရေး စစ်ထွက် အခမ်းအနားတစ်ခုလုပ်ပြီး "ရဲဘော်တို့..အနီးကပ်ရန်သူကို ရှာပြီး တိုက်ကြ"လို့တိုက်တောင်း ပြတ်သားစွာမိန့်ကြားခဲ့တယ်..


မြန်မာ့တပ်မတော်ဟာ ဖက်ဆစ်တော်လှန်ရေးကြီးကို သတ္တိ၊ ဇွဲ၊ လုံ့လ အရင်းခံတဲ့ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ ဆင်နွှဲခဲ့တာ ဖက်ဆစ်တွေကို အပြီးတိုင်ချေမှုန်းနိုင်ခဲ့ကြတယ်
ဒီလိုနဲ့ တိုင်းရင်းသား လူတန်းစား အလွှာပေါင်းစုံ ပါတဲ့မြန်မာ့တပ်မတော်ဟာ မြန်မာပြည်လွတ်လပ်ရေး အတွက်အဓိကကျခဲ့တာပေါ့


ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ တိုင်းပြည်လွတ်လပ်ရေး စသည်တို့ကို ပြုလုပ်ခဲ့ပြီး မြန်မာတစ်မျိုးသားလုံးကို ယု့ကျွန်ဘဝကကယ်တင်ခဲ့တာပေါ့ကွယ်။
ကလေးတို့ရဲ့
မောင်ရဲသူ
ရန်ကုန်တက္ကသိုလ်
၀၉၇၃၀၂၀၈၈၄

# တော်ဝင်တဲ့ ဗေဒင်ဆရာ

နန္ဒာမိုးကြယ်



ဟိုး . . . တစ်ခါတုန်းက မြို့ကြီးတစ်မြို့မှာ ရုပ်တကာ လှည့်ပြီး အိုးတွေထမ်းရောင်းတဲ့ ကိုဝေဒဆိုသူရှိလေရဲ့။ သူ့ရဲ့ဇနီးဟာ အင်မတန်ချော အင်မတန်လှတာနဲ့အမျှ ချမ်းသာသူတွေနဲ့တွေ့ရင် အင်မတန်မှ အားကျနေ တတ်တယ်ဆိုပဲ။

တစ်နေ့တော့ ကိုဒေဝရဲ့ဇနီးသည် ခင်စောဟာ အဖော်ကောင်းတာနဲ့ နာမည်ကျော်ဗေဒင်ဆရာတစ်ဦး အိမ်ကို ရောက်သွားခဲ့ပါသတဲ့။ ဗေဒင်ဆရာပေမဲ့ သာ မန်လို့တော့ လျှော့မတွက်လေနဲ့။ ဆောက်ထားတဲ့ အိမ်ဂေဟာဆိုတာ ကြီးကလည်းကြီး ခိုင်ကလည်းခိုင် ခန့်ကလည်းခန့်နဲ့အင်မတန် အင်မတန် အိမ်ဂေဟာ ကြီးပေပဲ။ ဗေဒင်ဆရာဆိုသူကလည်း ကြော့လို့ မော့– လို့။ အထူးသဖြင့် ဗေဒင်ဆရာဘေးမှာ လိုအပ်တဲ့ကိစ္စ တွေ မှာ အကူအညီပေးဖို့ ထိုင်နေတဲ့ ဗေဒင်ဆရာ ကတော် ဆိုတာကတော့ ပြောမဆုံးပေါင် တောသုံး ထောင်ဆို သလိုပဲပေါ့။ ဘာဖြစ်လို့လဲ ဆိုတာကတော့ ဝတ်စားထားတဲ့ ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်း ဆိုတာ အိလို့ သည်တော့ကာ ခင်စောရဲ့စိတ်ထဲ သူ့ ယောကျ်ားကိုဝေဒကို ဗေဒင်ဆရာနဲ့နှိုင်းပြီး မကျေမနပ် ဖြစ်လာတယ်။ အိမ်ပြန်ရောက်တော့ စိတ်အလို ဆန္ဒ တွေကို မဖုံးအုပ်နိုင်တော့ဘဲ . . .

“ သည်မယ် ကိုဝေဒ၊ ရှင်ဟာ ဘာကြောင့်များ ဆင်းရဲမွဲတေတဲ့ အိုးသည်ဖြစ်နေရတာလဲ ” လို့ ဆောင့်ကြီးအောင့်ကြီးနဲ့ ရန်တွေ့ပါတော့တယ်။ သည် တော့ ကိုဝေဒလည်း သူသိပ်ချစ်ရတဲ့ ဇနီးချောကို လေပြေထိုးရှာပါသတဲ့။

“ ဒါကတော့ ခင်စောရယ် . . . ကိုဝေဒမှ ဗေဒင် ပညာမတတ်တဲ့ဥစ္စာ၊ ဘယ်လိုလုပ်ပြီး ဗေဒင်ဆရာ ဖြစ် နိုင်မတဲ့တုံး။ ကိုဝေဒတတ်ကျွမ်းနားလည်တာက ဘယ် ဟာကအိုးကောင်း၊ ဘယ်ဟာကအိုးညံ့၊ ဘယ်အိုးဟာ ဘယ်လောက်ပဲတန်တယ်လို့ သိတာလေ ”

“ အို မရဘူး။ ရှင်ဗေဒင်ဆရာ မဖြစ် ဖြစ်အောင် လုပ်ရမယ်။ ကျွန်မအနေနဲ့ သေတစ်ပန်သက်တစ်ဆုံး အိုးသည်မယား အဖြစ်မခံနိုင်ဘူး။ ဒါဆို ကျွန်မကို သ ဘောပေါက်လိုက်ပါ ကိုဝေဒ ”

“ ဟူး . . . ခက်တော့တာပါပဲ ”

ကိုဝေဒလည်း အတော်ကလေးကို စိတ်အိုက်သွား တာပေါ့။ ဘယ်လိုဆုံးဖြတ်ချက်ချရင် ကောင်းမလဲလို့ ဟိုတွေး သည်တွေးနဲ့ အတွေးတွေယောက်ယက်ခတ် ရင်း နောက်ဆုံးမတော့ ဇနီးချောကလေး ခင်စောကို လက်လွှတ်မခံနိုင်တာနဲ့ အိုးရောင်းအိုးဝယ်လုပ်ငန်းကို စွန့်လွှတ်လိုက်ပါတော့တယ်။ စွန့်လွှတ်ပြီးတဲ့အခါ ခင်စောဝယ်ပေးတဲ့ ကျောက်သင်ပုန်း ကျောက်တံတို့ နဲ့လူစည်းကားရာလမ်းမကြီးတစ်နေရာက သစ်ပင်ကြီး တစ်ပင်အောက်မှာ

“စိတ်ကို စိတ်ဖြင့်ဟောမည်”
အကြားအမြင် ဆရာကြီး
ဝေဒ

ဆိုတဲ့ ဆိုင်းဘုတ်ထောင်ပြီး ဗေဒင်လာမေးမယ့် သူကို စောင့်ဆိုင်နေပါတော့တယ်။

အဲသည်မှာ ကံအားသင့်လို့လား မပြောတတ်ဘူး။ မြို့စားကြီးရဲ့ သမီးတော်လေးဟာ ရံရွေတော်တွေခြံရံပြီး ကိုဝေဒ ဗေဒင်ဟောမယ့်နေရာနဲ့ မနီးမဝေးမှာရှိတဲ့ “ မင်္ဂ လာရေကန်တော် ”ဆီကို ရေကစားဖို့အတွက် လာခဲ့ပါ သတဲ့။ မြို့စားကြီးရဲ့သမီးတော်ဟာ သူ့ခေါင်းမှာထိုးထားတဲ့ စိန်ဆံထိုးနဲ့ ရွှေဘယက်ကို သိမ်းဆည်းထားဖို့ရာ ရံရွေ တော်မတစ်ဦးကို အပ်နှံလိုက်ပါတယ်သည်တော့ ရံရွေ တော်မလည်း ရတနာပစ္စည်းထုပ်ဖို့ရာ ဝတ်မပါတာနဲ့ သူခြုံ လာတဲ့ အနက်ရောင်အစ တစ်စကို လက်တစ်ထွာကျော် လောက် ဖြဲဆုတ်ပြီး ထုပ်လိုက်တယ်။ ပြီးတော့ အုတ်နံရံရဲ့ အပေါက်တစ်ခုထဲကို ထည့်ထားလိုက်ပြီး သမီးတော်နဲ့ အတူ ရေဝင်ကစားပါတော့တယ်။

သမီးတော်လည်း အတန်ကြာ ရေကစားပြီးတဲ့အခါ ကန်တော်ပေါ်ကိုပြန်တက်ခဲ့ပါတယ်။ သမီးတော်အဝတ်အ စားလဲနေတုန်း ရံရွေတော်မလည်း ရတနာပစ္စည်းတွေ ပြန် ပေးရမှာ သတိရလိုက်ပါတယ်။ ပြန်ပေးဖို့ရာ သတိရပေမဲ့ ရုတ်တရက် ဘယ်နေရာမှ သိမ်းလိုက်တယ်ဆိုတာ မေ့နေ လို့ ဦးခေါင်းတစ်ခုလုံး ပူထူသွားတော့သတဲ့။ အထိတ်–

တလန့်နဲ့ နေရာအနှံ့ရှာဖွေပေမဲ့ လည်း ပစ္စည်းက ပြန်မတွေ့ဘူး။

"ငါ ဘာလုပ်ရမလဲ . . . ငါ ဘာလုပ်ရမလဲ။ ရတနာပစ္စည်းတွေ ပြန်မပေးလို့ကတော့ ငါ့ကို သူခိုးမဆိုပြီး ကြီးလေးတဲ့ အပြစ်ပေးမှာ သေချာတယ်။ အဲ...အဲ လမ်းမှာ တွေ့ခဲ့တာ ဘာပါလိမ့်။ ဟုတ်ပြီ . . ဟုတ်ပြီ . . အကြားအမြင်ရ ဆရာကြီးကိုဝေဒတဲ့ ငါ သူ့ ဆီသွားရမယ် "

ဒါနဲ့ပဲ ရုံရွှေတော်မလည်း ကိုဝေဒရှိရာ အပြေးအလွှားသွားရောက်လို့ သူတွေ့ ကြုံနေရတဲ့အခက်အခဲကို ငိုယိုပြောဆို အကူအညီတောင်းပါတော့တယ်။

ကိုဝေဒလည်း အကျိုးအကြောင်းသိရတော့ တွေခနဲ ဖြစ်သွားတယ်။ တကယ်တော့ သူ့အဖြစ်က မိန်းမကို လက်လွှတ်မခံနိုင်လို့သာ သည်အလုပ်ကို လုပ်နေတာ။ ဘယ်လိုလုပ် အကြားအမြင် ရပြီး ဟောနိုင်မှာတဲ့လဲ။ သည်အချိန်မှာပဲ ရုံရွှေတော်မဟာ ပဝါကိုဖြန့်ပြီး မျက်ရည်တွေသုတ်နေတယ်။ သည်အချိန်မှာကိုဝေဒဟာစုတ်နေတဲ့ ပဝါစကို သတိထားလိုက်မိတယ်။ ဒါနဲ့ပဲ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုတဲ့အတိုင်း . . .

" အဝတ်နက်စ တစ်ခုထဲမှာ ရတနာ ပစ္စည်းတွေရှိနေမှာပေါ့ "လို့ ပြောလိုက်တော့ ရုံရွှေတော်မလည်း သတိရသွားပြီး သူဝှက်ထားတဲ့ နံရံအပေါက်ဆီ ပြန်ပြေးရင်း . . ရတနာ ပစ္စည်းထုပ်ကို ရယူနိုင်ခဲ့ပါတယ်။ သည့်နောက် သမီးတော်ကို အကျိုးအကြောင်းပြောဆို လျှောက်ထားပြီး ရတနာ ပစ္စည်းအစုံအလင် ပြန်ပေးတဲ့အခါ . . .

" သည်အကြားအမြင် ဗေဒင်ဆရာကို ဆုလာဘ်ကောင်းကောင်းပေးရမယ် "ဆိုပြီးကိုဝေဒကို အသပြာတွေ ချီးမြှင့်ပါသတဲ့။

သည်သတင်းက ခဏချင်းဆိုသလို မြို့တစ်မြို့လုံး ပျံ့နှံ့သွားတော့တယ်။ ငွေအသပြာတွေကို တွေ့ မြင်လက်ခံလိုက်ရတဲ့ ခင်စောခမျာတော့ ဆွေ့ဆွေ့ခုန်လို့ပေါ့။

" ကိုင်း ရှင့်ကိုကျွန်မ အစက မပြောဘူးလား။ ဘာမှ အဖြစ်မရှိတဲ့ အိုးသည်အလုပ်ကို လုပ်မနေပါနဲ့တော့လို့။ ခုဆို ဘယ်လောက် အဆင်ပြေလိုက်သလဲ။ မကြာခင် ကျွန်မတို့ အိမ်ကောင်းကောင်းနဲ့ နေရတော့မယ်။ ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်တော့မယ် . . .ဟီ ဟိ "

ဇနီးသည် ပျော်မြူးတက်ကြွနေသလောက် သက်ပြင်းတွေ တဟင်းဟင်းချရင်း ရှေ့ဆက် ဘာတွေဖြစ်လာဦးမလဲလို့ အပူသောကရောက်နေရသူကတော့ ကိုဝေဒမှ ကိုဝေဒအစစ်ပါပဲ။

သိပ်မကြာပါဘူး။ ကိုဝေဒအတွက် စိုးရိမ်ထိတ်လန့်စရာ သတင်းတစ်ခု ပေါ်ထွက်လာ ပါတော့တယ်။ အဲဒီသတင်းကတော့ ဘုရင်ကြီးရဲ့ ဘဏ္ဍာတော်တိုက်က နန်းစဉ်ရတနာပျောက်ဆုံးသွားတဲ့အတွက်ပါပဲ။ သည့်အတွက် မင်းချင်းတို့လည်း မြို့ရွာအသီးသီးကို လှည့်ပြီးမောင်းကြေးနင်းခတ်ရတာပဲပေါ့။

"နန်းစဉ်ရတနာ ပြန်ရအောင် ဖော်ထုတ်ပေးနိုင် သူကို ထိုက်တန်ကြီးမားလှစွာသော ဆုလာဘ်တော် များချီးမြှင့်မည် "

ဒါကို မြို့စားကြီးကြားသိရတော့ ဘုရင်ကြီးထံ မှောက်အရောက်သွားရင်း သူတို့မြို့မှာ အင်မတန် ပညာကြီးမားတဲ့ ဗေဒင်ဆရာ မောင်ဝေဒဆိုတာ ရှိတဲ့အကြောင်း၊ မိမိရဲ့သမီးတော် ပျောက်ဆုံးတဲ့ ရတနာတွေကို အကြားအမြင်ပညာနဲ့ ဖော်ထုတ်ပေးနိုင်ခဲ့တဲ့အကြောင်း လျှောက်ထားလေတော့ ဘုရင်ကြီးလည်း မောင်ဝေဒကို ရှေ့တော်သွင်းစေသတဲ့။

" အရှင်မင်းကြီး . . . အရှင်မင်းကြီးရဲ့ နန်းစဉ်ရတနာပစ္စည်းတွေကို ပြန်လည်ဖော်ထုတ်ပေးနိုင်ဖို့ အချိန် ၁၀ ရက်ပေးတော်မူပါ " လို့ လျှောက်ထားပြီး စိတ်လက်မချမ်းသာစွာနဲ့ အိမ်ကို ပြန်ခဲ့ပါသတဲ့။

" အစောရေ ခုမှ တကယ့် ပြဿနာပဲ။ မင်းကြီးရဲ့ နန်းစဉ်ရတနာတွေ ပြန်ရအောင် ဖော်ထုတ်ပေးဖို့ရာ အတွက် အချိန် ၁၀ ရက်ခွင့်ပန်ခဲ့တယ်။ ၁၀ ရက် ပြည့်လို့မှ မရရင် ငါတော့ကြီးလေးတဲ့ အပြစ်ဒဏ်ခံရဖို့ရှိတယ်။ သေဒဏ်တောင် အပေးခံရနိုင်ဖွယ်ရှိတယ် "

"ဒုက္ခပါပဲနော် ကျွန်မကြောင့် ရှင်တော့ ဒုက္ခဖြစ်တော့မယ်။ ကျွန်မ မဆင်မခြင်ဘဲ အလိုရမ္မက်ကြီးမိလို့ဒီလိုဖြစ်ရတာ။ ကျွန်မလည်းစိတ်မကောင်းပါဘူး "

"ကဲကွယ် ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့။ သည်တော့ကွာ ခုပဲ အိုးတစ်လုံးထဲကို ထန်းလျက် ၁၀ ခဲ ထည့်လိုက်ပါ။ ငါ့ကို တစ်နေ့တစ်လုံးပေး ဒါဆို တစ်လုံးစားပြီးတိုင်း ဘယ်လောက်ကျန်သေးတယ်ဆိုတာ တွက်လို့ရမယ် "

" ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . "

အကြောင်းတိုက်ဆိုင်လို့လား မသိဘူး။ ဘုရင့်နန်းစဉ် ရတနာတွေကို ခိုးသူအရေအတွက်ဟာ စုစုပေါင်း ၁၀ ယောက်တိတိတဲ့။ အဲသည်မှာ ခေါင်းဆောင်လုပ် သူက သူကိုယ်တိုင် အပါအဝင် အရပ်၁၀မျက်နှာကိုတစ်ယောက်စီ စေလွှတ်ပြီး ဗေဒင်ဆရာဘာတွေဟောသလဲဆိုတာကို စုံစမ်းခိုင်းသတဲ့။ သည်တော့ သူခိုးတစ်ယောက်လည်း ပထမနေ့ ညဘက်မှာသတင်းစုံစမ်းဖို့ အကြားအမြင်ပညာရှင် ကိုဝေဒအိမ်ကို ကပ်တော့တယ်။ ကိုဝေဒလည်း ညအမှောင်ပျိုးလို့ထမင်းစားသောက်ပြီးတဲ့အခါဇနီးသည် ခင်စောက မှာထားတဲ့ အတိုင်း ကိုဝေဒလက်ထဲကို ထန်းလျက်တစ်ခဲ ထည့်လိုက်တယ်။ သည်တော့ကိုဝေဒက . . .

“ ဒါဟာ (၁၀) ထဲက ( ၁ ) ဟေ့ (၁) (၁) ”လို့ ရေရွတ်တော့ ပုန်းနေတဲ့ သူခိုးလည်း သူ့ကို ရည်ညွှန်း ပြောဆိုတာလို့ ထင်မှတ်သွားပြီး ခေါင်းဆောင်ဆီရောက်တော့

“ ဆရာကြီး ဗေဒင်ဆရာကိုဝေဒဟာ တကယ်အကြားအမြင်ရထားတယ်ဆိုတာအမှန်ပဲ။ ကျွန်တော်တို့အဖွဲ့(၁၀) ယောက်ရှိနေတာကို သိနေတယ်။ ကျွန်တော်လာတာကို ရိပ်မိလို့ (၁၀)ထဲက (၁)လို့တောင်ပြောလိုက်သေး ”လို့ ပြောပြတယ်။ ခေါင်းဆောင်လည်းနောက်နေ့ရောက်တော့ သူ့လူနှစ်ယောက်ကို စေလွှတ်ပြန်တယ်။ သည်အခါ ကိုဝေဒလည်း ဇနီးသည်ပေး တဲ့ ထန်းလျက်တစ်ခဲကို လှမ်းယူရင်း . . .

“ ဟေ့ ခုတစ်ခါ (၁၀) ထဲက (၂) ဟေ့. . (၂) (၂)” လို့ ရေရွတ်လိုက်တော့ အဲသည်နှစ်ယောက်လည်း ခေါင်းဆောင်ကို တကယ်မှန်တဲ့ အကြောင်းပြောပြတာပေါ့။ ခေါင်းဆောင်လည်း စဉ်းစားရပါပြီ။ သုံးယောက်၊ လေးယောက် စသဖြင့် လွှတ်လိုက်တာ ကိုးယောက်တိတိဖြစ်တဲ့ အထိ အမှန်ကြီးမှန်နေတဲ့အခါ . . .

“သည်ကနေ့ဟာဆယ်ယောက်ပြည့်တဲ့နေ့ပဲ။ ငါကိုယ်တိုင်သွားမယ် ” လို့ ဆုံးဖြတ်ချက်ချပြီး သူကိုယ်တိုင် သွားရောက်စုံစမ်းပါတော့တယ်။ သူရောက်သွားပြီးမကြာခင်မှာပဲ ကိုဝေဒဟာ ဇနီးသည်ဆီက နောက်ဆုံး ထန်းလျက်ခဲကို လှမ်းယူရင်း . . .

“ မိန်းမရေ ဒါနောက်ဆုံးပဲဟ။ တစ်ဆယ်တိတိပြည့်ပြီ။ နောက်ထပ်မရှိတော့ဘူး” လို့ပြောဆိုလိုက်တယ်။ အဲသည်အခါ သူခိုးခေါင်းဆောင်လည်း မနေသာတော့ပါဘူး ကြောက်စိတ်တွေဝင်ပြီး။ အိမ်ထဲကို ပြေးဝင်လို့ ကိုဝေဒရဲ့ ခြေအစုံကို ဖက်ရင်း “ ဆ . . ဆရာကြီးခင်ဗျား ကျွန်တော်နဲ့ တပည့်ကိုးယောက်ရဲ့ အသက်ကိုချမ်းသာပေးပါ။ ဘုရင်ကြီးရဲ့ နန်းစဉ်ရတနာကို ခုပဲအပ်ပါ့မယ် ” လို့ တောင်းပန်တိုးလျှိုးပါသတဲ့။ ကိုဝေဒ လည်းကုန္ဒြေဆည်ရင်း . . .။

“ ကောင်းပြီ ခုပဲ နန်းစဉ်ရတနာလာအပ်လှည့်။ မောင်ရင်တို့ရဲ့ အသက်ကို ချမ်းသာအောင် လျှောက်ထားပေးမယ် ”

“ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်။ သည်လောကမှာ ဆရာကြီးရှိနေသ၍ ဘယ်ကိစ္စမှ မသင့်လျော်တာ မလုပ်ရဲတာပါဘူး” လို့ပြန်လည်ပြောဆိုရင်းတပည့်တွေကို စေခိုင်းလို့ နန်းစဉ်ရတနာတွေကို အပ်လိုက်ပါတယ်။ ဒါနဲ့ ကိုဝေဒလည်း မြို့စားကြီးနဲ့ အတူ ဘုရင်ကြီးထံမှောက်အရောက်သွားရင်း နန်းစဉ်ရတနာတွေ လက်ဝယ်အပ်လို့ “ အရှင်မင်းကြီး ကျွန်တော်မျိုးဟာ ခိုးသူ ( ၁၀ )ယောက် ပြည့်မြောက်ဖို့ရာအတွက် ( ၁၀ ) ရက်တိတိ စောင့်ဆိုင်းခဲ့ရပါတယ်။ သူတို့လည်းသူတို့အမှားကို သိတဲ့ အတွက် တောင်းပန်ပြီးလာပေးခဲ့ပါတယ်။ သူတို့ရဲ့အသက်ကို ချမ်းသာပေးတော်မူပါ ” လို့ လျှောက်ထားလိုက်တယ်။

“ ကောင်းပေပြီ သူတို့ရဲ့အသက်ကို ချမ်းသာပေး လိုက်မယ်။ မောင်မင်းကိုလည်းဆုလာဘ်တော်တွေချလို့ “တော်ဝင် ဗေဒင်ဆရာကြီး ” ရာထူးကိုပေးလိုက်မယ်။ ဒါနဲ့ပဲ ကိုဒေဝလည်း ကြီးမားတဲ့ ရာထူးနဲ့တကွ ဆုလာဘ်တော်တွေရရှိခဲ့တယ်။ ရွာရောက်တော့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး နောင်ရေး စိတ်အေးရလေအောင် တခြားတိုင်းပြည်ကို တိတ်တဆိတ်ထွက်ခွာ လို့ သိုသိုသိပ်သိပ်နဲ့ နေထိုင်သွားပါတော့သတဲ့ကွယ်။

ကလေးတို့ ရွှင်လန်း
ချမ်းမြေ့ကြပါစေ။

နန္ဒာမိုးကြယ်

# တရားကိုနတ်စောင့်

လင်းသက်ခိုင်



ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။

သစ္စာရွှေပြည်ဆိုတဲ့တိုင်းပြည်မှာဘုရင်ကြီးတစ်ပါးဟာ တိုင်းပြည်ကိုတရားနှင့်အညီ အုပ်ချုပ်မင်းလုပ်နေသတဲ့ကွယ်။

အဲဒီဘုရင်ကြီးဟာ ဘယ်လောက်အထိတရားနှင့်အညီအုပ်ချုပ်သလိုဆိုရင် ကိုယ့်ဆွေမျိုးသားချင်းတွေထဲကတောင် အပြစ်ရှိလာရင် ကျူးလွန်လာပြီဆိုရင် ခွင့်မလွှတ်ဘူး။ တရားဥပဒေအတိုင်းပဲ စီရင်ဆုံးဖြတ်စေသတဲ့ကွယ်။ ဆိုလိုရင်းကတော့ ဘုရင်မကောင်းရင်ဘုရင်ပဲ၊ မိဖုရားမကောင်းရင်မိဖုရားပဲ၊ မှူးမတ်တွေ၊ ဝန်ကြီးတွေ မကောင်းရင်လည်း သူထိုက်နဲ့သူ့ကံပဲ၊ အမှန်အတိုင်းပဲ တရားစီရင်ရမယ်။ ဥပဒေရဲ့အပေါ်မှာ ဘယ်သူမှ မရှိစေရဘူးဆိုတဲ့သဘောပေါ့ကွယ်။

အဲဒီလို ဘုရင်ကြီးရဲ့ ဖြောင့်မတ်မှန်ကန်တဲ့စိတ်ထား၊ တည်ကြည်ခိုင်မာတဲ့ သစ္စာတရားတွေကြောင့် တိုင်းသူပြည်သားတွေကလည်း ဘုရင်ကြီးကိုဆိုရင် ချစ်ကြောက်ရိုသေကြတာပေါ့။

ကလေးတို့ရေ ရှေးတုန်းကလူကြီးသူမတွေရဲ့အဆိုအရ ဆိုရင်တော့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ဘုရင်အခုခေတ်ဆိုရင်တော့ သမ္မတ၊ အစိုးရပေါ့ကွယ်။ အဲဒီဘုရင်ဟာ မှန်ကန်၊ ဖြောင့်မတ်၊ တည်ကြည်၊ ရဲရင့်တဲ့သူဖြစ်ရင်၊ သစ္စာတရားကိုမြတ်နိုးသူ၊ အမှန်တရားကိုချစ်မြတ်နိုးလိုလားသူ၊ ဘာသာတရားရဲ့အဆုံးအမအောက်မှာ ဓမ္မကိုနားလည်းယုံကြည်သိမြင်သူဆိုရင်၊ မင်းကောင်းမင်းမြတ်လို့ ဆိုစမတ်ပြုသတဲ့။ အဲဒီလို မင်းကောင်းမင်းမြတ် အုပ်ချုပ်တဲ့ တိုင်းပြည်လိုမျိုး ဖြစ်မှလည်း တိုင်းပြည်မှာ ရာသီဥတုတွေမှန်တယ်။ ဆန်ရေစပါးပေါ် ကြွယ်ဝတယ်။ တိုင်းသူပြည်သားတွေရဲ့ ကုန်သွယ် စီးပွားလုပ်ငန်းတွေ အောင်မြင်တယ်။ လူတွေအားလုံး စီးပွားရေးတွေကောင်းမွန်မှုတတဲ့ အတွက်တိုင်းပြည်နှင့်အဝှမ်းမှာ ပျော်ပွဲရွှင်ပွဲတွေ၊ ရာသီအလိုက်ပွဲလမ်းသဘင်တွေခြိမ့်ခြိမ့်သဲဆင်နွဲနိုင်ကြသတဲ့ကွယ်။ ဒါက မင်းကောင်းမင်းမြတ်တွေ အုပ်ချုပ်တဲ့ တိုင်းပြည်က အဖြစ်အပျက်ကို ပြောပြတာနော်။

ဒါပေမဲ့လို့ လောကကြီးမှာက အမြဲတမ်းအကောင်းချည်းပဲ ရှိတာမဟုတ်ဘူးလေ။ အဆိုးတွေလည်းကြုံရစမြဲမို့၊ မမျှော်လင့်ထားတာတွေလည်းဖြစ်တတ်ပျက်တတ်တာပေါ့ကွယ်။ အဲဒီလို ဘုရင်ကြီးက တိုင်းပြည်ကိုမှန်မှန်ကန်ကန်နှင့် အုပ်ချုပ်တာကို မနှစ်သက်တဲ့ မကြိုက်တဲ့ ဘုရင့် အကြံပေး မှူးမတ်အချို့နဲ့ ဝန်ကြီးတွေဟာ သူတို့ရဲ့ အလုပ်မှား၊ အကိုင်မှားနှင့် ကျူးလွန်ထားတဲ့ အပြစ်တွေ၊ တိုင်းသူ ပြည်သားတွေဆီက လှည့်ဖျားပြီး ယူထားတဲ့ အခွန်အတုပ်တွေကို ဘုရင်ကြီးသိသွားမှာစိုးတဲ့အတွက်၊ ဘုရင်ကြီးကိုဝိုင်းပြီးတိုင်းပြည်ထဲက အကြောင်းတွေကို မဟုတ်မဟတ်လုပ်ကြံဇာတ်တွေခင်းပြီးလျှောက်တင်ကြ ကုန်းချောကြတာပေါ့ကွယ်။

ဘုရင်ကြီးက ရိုးသားဖြောင့်မတ်မှန်ကန်တဲ့ ဘုရင်ဆိုတော့ သူ့ဝန်ကြီးမှူးမတ်တွေ လျှောက်တင်တာတွေကို အမှန်ပဲလို့ အပြည့်အဝ ယုံကြည်တဲ့အတွက် အဲဒီဖြစ်ရပ်တွေအပေါ် စီရင်တဲ့ အမိန့်ဥပဒေတွေကို ဘာကို ဘယ်လိုလုပ်၊ ဘာကိုဘယ်လိုစီရင်ဆိုပြီး ခဏခဏထုတ်ပြန်တော့ သတဲ့ကွယ်။

ဘုရင်ကြီး အဲဒီလိုထုတ်ပြန်တဲ့ အမိန့်အာဏာကိုအသုံးချပြီး မှူးမတ်တွေဟာ အပြစ်မဲ့တဲ့ပြည်သူပြည်သားတွေကို လှည့်ဖျားပြီး အပြစ်ဒဏ် သင့်အောင်ပြုလုပ်ကြတယ်။ မခံနိုင်လို့ အမှန်အတိုင်းပြန်ပြောသူ အမှန်အတိုင်းရင်ဆိုင်သူ တွေကိုဆိုရင် ဘုရင့်အမိန့်အာဏာဖီဆန်မှုနှင့်တရားစွဲဆိုပြီးထောင်သွင်းအကျဉ်းချတာပေါ့ကွယ်။

မှူးမတ်တွေလုပ်တာ ဝန်ကြီးတွေလုပ်တာမဟုတ်ဘူး၊ မတရားဘူးဆိုပြီး အမှန်အတိုင်း ပြန်ပြောတဲ့ သူကို

အမိန့်အာဏာဖောက်ဖျက်မှုနှင့် ဖမ်းဆီးနှိပ်စက်တယ်။ တိုင်းသူပြည်သားတွေကို ထစ်ခနဲဆို ဖမ်းမယ်၊ ဆီးမယ်၊ ရိုက်မောင်းပုတ်မောင်းလုပ်ပြီး အကြောက်တရားနဲ့ အုပ်ချုပ်ထားတာပေါ့ကွယ်။

ဒီလိုနဲ့ စိတ်ဓာတ်မကောင်းတဲ့ ဘုရင့်အကြံပေးတွေနဲ့ မှူးကြီးမတ်ရာတွေရဲ့ ယုတ်မာရက်စက်ဆိုးဝါးမှုတွေဟာ တိုင်းပြည်ထဲမှာ တစ်နေ့တခြား ပိုပိုပြီး များလာတယ်။ ပြီးတော့ပိုပြီးလည်း ဖမ်းဆီးနှိပ်စက်လာကြတယ်။ ဒီအခါမှာတော့ တိုင်းသူပြည်သားတွေဟာ မတရားအဖမ်းအဆီးခံရမှာကိုကြောက်ပြီးတော်ရုံတန်ရုံကို သူတို့ရှေ့မှာပြန်မပြောဝံ့တော့ဘူးပေါ့ကွယ်။

သူတို့တွေရဲ့ယုတ်မာရက်စက်မှုတွေကို ဘုရင်ကြီးဟာ မသိရှာဘူးတဲ့။ ဘုရင်ကြီးက သူ့ရဲ့မှူးကြီးမတ်ရာတွေကို အလွန်ယုံကြည်နေတာကိုး။ ဘုရင်ကြီးသိအောင်လည်း အဖြစ်အပျက်မှန်ကို ဘုရင်ကြီး ရှေ့ရောက်အောင်သွားပြောဖို့ တယ်မလွယ်ဘူးလေ။

ဒီလိုနဲ့ တိုင်းပြည်မှာ အဲဒီမကောင်းတဲ့ လူတစ်စုရဲ့ဆိုးသွမ်းယုတ်မာ အနိုင်ကျင့်မှုတွေဟာ တစ်စထက်တစ်စများလာတာမို့ ပြည်သူတွေဟာ မခံနိုင်တော့ဘဲ တစ်မျိုးတစ်ဖုံ စီရင်ဖို့အတွက် တိုင်းပြည်ရဲ့အစွန်က ကျေးရွာလေးမှာ တောင်ယာအလုပ်နဲ့ အသက်မွေးနေတဲ့ ဘိုးပညာရှိရာဆီကို ရောက်လာကြသတဲ့။ ဘိုးပညာဆီရောက်တော့ သူတို့ဟာတိုင်းပြည်မှာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို တင်ပြသတဲ့။

ဘိုးပညာဟာ ပညာနှင့်ပတ်သက်လာရင် အလွန်ပြည့်စုံသူမို့ အားလုံးကို မြင်သိလွယ်တယ်။ ပြီးတော့သူ့မှာ ရှေ့နောက်ကို အာရုံခံပြီးကြည့်တတ်တဲ့ ဉာဏ်ကို အသုံးချပြီး ကြည့်လိုက်တဲ့အခါ အကြောင်းတစ်ခုကို သွားတွေ့ပါရောလား။ အဲဒါက ဘာလဲဆိုတော့ . . . ။

“ အင်း ခုဖြစ်နေတဲ့ ပြဿနာမှာ အရေးအကြီးဆုံးအဘတွေ့တာက သင်းတို့ဟာ မကောင်းတဲ့ အစီအရင်တွေနဲ့ ဘုရင့်သလွန်ဘေးက ဘုရင့်ထီးတော်စောင့်နတ်သမီးကို ဘုရင်ကြီးသိအောင် အသိပေးလို့မရအောင် လုပ်ထား သတဲ့ကွယ်။ ဒီတော့ ထီးစောင့်နတ်သမီးဟာ ဘုရင်ကြီးကို အိပ်မက်ကနေ ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ သတိပေးဖို့ အခက်အခဲတွေ့နေသတဲ့ ”

ပြည်သူတွေက . . . “ ဒါဆို ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ ဘိုးပညာပဲ စီစဉ်ပါဦး ” လို့ ဆို တော့။ ဘိုးပညာက ဒီလိုဆိုသတဲ့။

“ အေး ဒီကိစ္စအောင်မြင်ချင်ရင်တော့ တိုင်းပြည်ထဲက ရဲရင့်ဖြောင့်မတ်တဲ့ သူငယ်တစ်ယောက်ကို ရှာပြီး ဥပုသ် (၃) ရက် အဓိဋ္ဌာန်နဲ့ ဆောက်တည်နိုင်း။ ဥပုသ် (၃) ရက်ဆောက်ပြီးရင်တော့ အဲ့ဒီနေ့ သန်းခေါင်မှာ ဘုရင့်စက်တော် ဆောင်ထဲရောက်အောင် တိတ်တဆိတ် ဝင်ရမယ်။ဘုရင့်စက်တော်ဆောင်ထဲရောက်ရင် ဘုရင်ကြီးအိပ်တဲ့ သလွန်ဘေးက ထီးဖြူကို အဘိုးပေးလိုက်တဲ့ သီလနံ့သာရည်နဲ့ဖြန်းချခိုင်းလိုက်ပါ။ ဒါဆိုရင် မင်းတို့ ကိစ္စတွေအားလုံး အောင်မြင်ပါလိမ့်မယ်လို့ ဆိုသတဲ့။

ဒါနဲ့ ပြည်သူပြည်သားတွေဟာ ဘိုးပညာပြောတဲ့ ရဲရင့်ဖြောင့်မတ်တဲ့ သူကို ဝိုင်းပြီးလေ့လာ ဝိုင်းပြီးရှာကြတဲ့အခါမှာ ဘိုးပညာတို့ ရွာလေးထိပ်မှာ မိဘကိုလုပ်ကျွေးပြုစုနေတဲ့မောင်ရဲရင့် ကိုသွားတွေ့သတဲ့။ ဒါနဲ့ မောင်ရဲရင့်ကို အကျိုးအကြောင်းပြောပြီး ခိုင်းစေတာပေါ့။ မောင်ရဲရင့်လေးကလည်း လိုလိုချင်ချင်နဲ့ပဲ အမှန်တရားအတွက် ကူညီပါ့မယ်ဆိုပြီး ဘိုးပညာခိုင်းတဲ့အတိုင်း ဥပုသ် (၃)ရက်စောင့်ပြီး ညသန်းခေါင်အချိန်မှာတော့ ဘုရင့်စက်တော်ဆောင်ထဲကို ဘိုးပညာရဲ့အစီအရင်အတိုင်း ရောက်အောင်ဝင်သွားသတဲ့ကွယ်။

မောင်ရဲရင့်လေးဟာ ဘုရင့်အိပ်ဆောင်ထဲရောက်တာနဲ့ ဘုရင့်သလွန်ဘေးက ထီးတော်ကို သီလအမွှေးနံ့သာရည်နဲ့လောင်းလိုက်တာပေါ့။ အဲဒီလိုလောင်းပြီး

တာနဲ့ သူဟာ ဘာများထူးခြားလာမလဲဆိုတာ သိချင်တာနဲ့ ဘုရင်ကြီးအိပ်တဲ့ခေါင်းရင်းကခန်းစီးစတွေကြား မှာဝင်ပုန်းပြီး စောင့်ကြည့်နေသတဲ့။

ခဏအကြာမှာတော့ အဲဒီသလွန်ဘေးက ထီးဖြူအောက်မှာကိုယ်ရောင်ကိုယ်ဝါတောက်ပလင်းထိန်စွာနဲ့ရပ်နေတဲ့ နတ်သမီးကို အတိုင်းသားတွေ့ရသတဲ့။ အဲဒီထီးတော်စောင့် နတ်သမီးဟာ သူ့လက်ထဲမှာ ကိုင်ထားတဲ့သားမြီးယပ်တောင်ထိပ်ဖျားလေးနဲ့ အိပ်ပျော်နေတဲ့ ဘုရင်ကြီးရဲ့ ဦးခေါင်းကိုအသာ ထိလိုက်သတဲ့။ အဲဒီအခါမှာ ဘုရင်ကြီးဟာ ချက်ခြင်းလန့်နိုးလာတာပေါ့။ နိုးနိုးချင်းဘုရင်ကြီးဟာ သူ့သလွန်ဘေးမှာရပ်နေတဲ့ နတ်သမီးကိုတွေ့ရတော့ အံ့အားသင့်ပြီး မေးတော့တာပေါ့။

" အလို . . . ကျုပ် သလွန်ဘေးမှာ ရပ်နေတာ သင်ဘယ်သူလဲ "

" အို ဘုရင်မင်းမြတ်၊ ကျွန်ုပ်သည် သင့်ကိုစောင့်ရှောက်သော နတ်သမီးမဏိမေခလာဒေဝီဖြစ်ပေတယ် "

" ကောင်းပြီ နတ်သမီး၊ သင်ဘာအလိုရှိသလဲ "

" ကျွန်ုပ် သင့်ကို အသိပေးဖို့ အလိုရှိပါတယ် "

" ဘာကို အသိပေးလိုပါသလဲ "

" ကျွန်ုပ်သည် တရားကိုစောင့်သောနတ်သမီးပီပီ သင့်တိုင်းပြည်အတွင်းမှာ သင့်လူယုံ မှူးမတ်ဝန်ကြီးတို့ရဲ့ မရိုးသားမသား လုပ်ရပ်တွေကို သင်သိစေလိုတဲ့အတွက် လာရောက်အသိပေးခြင်းဖြစ်ပါတယ် "

" ဒါဆို ကျုပ်ဘာလုပ်ရမလဲ။ တရားစောင့်နတ်သမီး "

" အသင်မင်းကြီးကိုယ်တိုင် တိုင်းပြည်တွင်းကဖြစ်ရပ်တွေကို လူထုကြားရောက်အောင်သွားပြီး ရုပ်ဖျက်စုံစမ်းပေတော့ "ဟု ပြောပြီးတာနဲ့ နတ်သမီးဟာ ပျောက်သွားသတဲ့၊ ခန်းဆီးကြားမှာ ချောင်းကြည့်နေတဲ့မောင်ရဲရင့်ဟာလည်း အံ့သြနေတာပေါ့ကွယ်။

ဒါနဲ့ နောက်နေ့မှာတော့ ဘုရင်ကြီးဟာ နတ်သမီးပြောတဲ့အတိုင်း တိုင်းပြည်ထဲက ကိစ္စအရပ်ရပ်ကိုသူ့လူယုံ မှူးမတ်ဝန်ကြီးတွေရဲ့ပြောစကားလောက်နှင့်မယုံကြည်ဘဲ၊ အခါခွင့်သင့်တိုင်း ရုပ်ဖျက်ပြီး လှည့်လည်ထောက်လှမ်းစုံစမ်းသတဲ့။ ဒီလိုနဲ့ တိုင်းပြည်ထဲကအဖြစ်အပျက်တွေဟာ ဝန်ကြီးတွေပြောတဲ့ စကားရပ်နဲ့တလွဲတွေဆိုတာ သိရှိသွားတဲ့နောက်တော့ နန်းတော်ထဲကို ပြန်လာပြီး နောက်နေ့မှာတိုင်းပြည်နဲ့ အဝှမ်းမောင်းကြေးနင်းလှည်စေပြီး ညီလာခံခေါ်လေတော့သတဲ့။

ညီလာခံခေါ်ပြီးတဲ့နောက်ညီလာခံကိုတက်ရောက်လာတဲ့ မှူးမတ်ဗိုလ်ပါအစုံအလင်ကြားမှာ သူမကြာခဏ တိုင်းပြည်ထဲ ရုပ်ဖျက်ပြီးတော့ထောက်လှမ်းခဲ့တဲ့အဖြစ် အပျက်တွေကို သူမြင်ခဲ့ကြားခဲ့တဲ့အတိုင်းအားလုံးကို ပြောပြတယ်။ ပြောပြီးတဲ့နောက်မှာတော့ဘုရင်ကြီးက သူ့မှူးမတ်ဗိုလ်ပါတွေရဲ့ လီဆယ်တဲ့ ပြောစကား တွေနဲ့ နှိုင်းယှဉ်ပြီး ပြသတော့မှ တိုင်းသူပြည်သားတွေဟာ အမှန်တရားကို မျက်ဝါးထင်ထင် ပိုပြီးတွေ့ရပြီး ရင်သပ်ရှုမော ဖြစ်ကြသတဲ့။

ပြီးတော့မှ ဘုရင်ကြီးဟာ အမှန်တရားကို စောင့်တဲ့နတ်သမီးကို တိုင်တည်ပြီးနောက် အပြစ်ရှိတဲ့ မှူးမတ်တွေနဲ့ဝန်ကြီးတချို့ကို ဖမ်းဆီးထောင်ချအပြစ်ပေးပြီး။ တိုင်းပြည်ကို မှန်ကန်ဖြောင့်မတ်တဲ့ သစ္စာတရားနှင့် အညီဆက်လက်အုပ်ချုပ်သွားသတဲ့ကွယ်။

လင်းသက်ခိုင်


မဟာတရာဆရာတော်
ကာတွန်း ဝင်းမြင့်အောင်
ပူဇော် ရေးဆွဲသည်။
မဟာတရာ ဆရာတော်သည် သည်းခံခြင်း အံ့ဩဖွယ် ဖြစ်ကြောင်း ပဉ္စမ သင်္ဂါယနာ တင် မင်းတရားကြီး ကြားတော်မူ၍ အမတ်တော်များကို လွှတ်ပြီး စုံစမ်း စေရာ....
မင်းတရား ကြီးက ဆရာတော် ကြီး အကြောင်းကို စုံစမ်းရမယ်တဲ့
စိမ်ပြီ ပေါ့


ဆရာတော် ဘုရားသည် နေ့အခါ၌ ကျောင်းခါးပန်း ကို ခေါင်းအုံး၍ ကျိန်းတော် မူရာ..
ကျောင်းသားလေးများသည် လိုက်တမ်း ပြေးတမ်းကစား ကြ၍...
ဒိုင်း
ကျောင်းခါးပန်းကို နင်းပြီး ခုန်ချသည်ကို ဦးပဉ္ဇင်းများ မြင်ရာ။
ဟဲ့ နင်တို့ လာခဲ့ကြ ဆရာတော် ကျိန်းနေတာကို မမြင်ဘူးလား


ရိုက်မည်ပြုရာတွင် ဆရာတော် ရုတ်ချည်းသိချ ကျိန်းရာမှ ထထဲ့ကာ ...
အောင်မယ် ကိုပဉ္စင်းတို့ မရိုက်ကြပါနဲ့
ကလေးတွေ ဘာသိမလဲ၊ တို့ ငယ်ငယ် ကျောင်းသားတုန်းက သူတို့ထက် ဆော့သေး
မရိုက်ကြပါနဲ့ သည်းခံပါ ငါလည်း အကျိုး မပျက်ပါဘူး
တကယ် သည်းခံတာပဲ


ထို့နောက် အဆောက်တော်ဝင်က ကပ္ပိယ ပြုလုပ် ဆွမ်းချက်ကပ် ရဆွမ်းကို ပျော့ပျော့ကြီးပြုလုပ် ကပ်သောအခါ သခင်တော်က ဆွမ်းကို ဘုဉ်းပေးပြီးလျှင်....
အင်း အဝါးရသက်သာ တယ် အစာကြေ လွယ်တယ်
ဆွမ်းကို မာမာ ချက်၍ ကပ်ပြန်ရာ....
ဒီလိုဝါးပြီး ဘုဉ်းပေးရတာ အရသာ ပေါ်သေ တယ်...
နောက် ဟင်းကို ဆားမခတ်ပဲ ချက်၍ ကပ်ရာ
ဆားမပါတော့ ရေငတ်ပြေ တယ်ပါ...
နောက် ဆားများများ ထည့်၍ ဟင်းကို ကပ်ပြန်ရာ..
အင်း သွေးကြေ တယ်


ဤကဲ့သို့ အမျိုးမျိုး အဖုံဖုံ ခံစားရ၍ မခံနိုင်သွယ် ဖြစ်သော်လည်း မကောင်းသူ နေဝါမကျေသူ လို့ မြည်တွန်တောက်တီးခြင်း မပြုဘဲ သည်းခံတော် မူသည်ကို အဆောက်တော်တို့က မင်းတရားကြီး အား သံတော်ဦး တင်ရာ...
မှန်လှပါ ရွှန်စွာမှ သည်းခံတော် မူနိုင်ကြောင်း ပါဘုရား
ပေ ကြားရတာ ကြည်ညိုဖို့ကောင်း လိုက်တာ..
ဝမ်းမြောက် ကြည်ညိုတော် မူသဖြင့် ဆရာတော်ကို နန်းတော်သို့ ပင့်ယူရန် အခွင့်ရမရ သိလို၍ ညီတော် မင်းတပ ဖိုးစားကို စေလွှတ်တော် မူသည်။


အိမ်ရှေ့မင်းလည်း နောင်တော်
အမိန့်အရ မတတ်သာ၍ ဆရာတော်
ထံသွား၍ လျှောက်ထားရ၏...
သာသနာ့
ဒါယကာ ပင့်
သည်ကို ငြင်းဖွယ်
မရှိပါဘူး
ထို့ဖြင့် မင်းတရားကြီးလည်း
မဟာဒါနဝန်ကို ခေါ်၍ လှေတော်
နှင့် သွားရောက် ပင့်ဆောင်သည်။
ဆရာတော်ကြီးအား ပင့်ဆောင်ခဲ့၍ ဝါးရင်းတုတ်ရွာတွင်
မင်းတရားကြီး အစောင့်ချထားသူတို့က လှေကို ကပ်စေလေ
ရပ်


ထို့နောက် မဟာဒါန်ဝန်သို့ အမိန့်တော်ရေး ပြသည်။ အမိန့်စာမှာ
ဆရာတော် ဘုရားသည် အသက် အရွယ်ကြီးရင့်ပြီး
မတ်တရာမြို့ သီတင်းသုံးသော ကျောင်းတိုက်မှာပင် ပြန်၍သီတင်းသုံးရန် လျှောက်ထားလိုက်သည်တဲ့
ထိုလျှောက်ထားချက်အရ ဆရာတော်က
အင်း ဟုတ်ပေတယ် ငါ့မလည်း ခွေးရိုးသို့ သလိုပဲ ပညာသင် နေတဲ့တပည့်တွေ ရှိနေလေတော့ မတ်တရာ မှာပြန်နေရင် သူတို့ဝမ်း မြောက်ကြမှာ...
သို့ဖြင့် မဟာဒါန်ဝန် ကျောင်းသို့ပြန်ပို့၏


နောက်တစ်လခန့် ရှိသော အခါ
အငှားဝန်ကိုခေါ်၍ နန်းဦးကျောင်း
ဆောက်လုပ်စေသည်။
ပြီးပြေသောအခါ မတ်တရာ ဆရာတော်ကို ဘိတော်ဆင့်ကြီးများ
လွှတ်၍ ပင့်ပြန်စေသည်။
အငြေ
မဟာမုနိ ဘုရား
ကြီးကို မဖူးမျှော်ရတာ
ကြာပြီ ဒီတစ်ခါ တကယ်
ဖူးရတော့မယ်


ဖိုးတော်သို့ ရောက်သောအခါ ပုဏ္ဏားကြီးက ကြိုဆိုပင့်ဆောင်၍
နန်းဦးဆောင်ပေါ်သို့ တင်ပြီးလျှင် မိဘုရား မောင်းမ သမီးတော်
ဆွေတော် မျိုးတော် အစုံ မှူးမတ် တို့နှင့်တကွ ရေစက်သွန်းချ
ကျောင်းလှူတော် ဂျေတဝန်တော် မူသည်။
အမျှ... အမျှ... အမျှ
သာဓု
သာဓု
သာဓု
ဆရာတော် ဘုရားလောင်း တရား
ဒေသနာများကို ဟောပြောတော်
မူရာ ညနေ လေးချက်တီးမှ ည
တစ်ချက်တီး ချိန်ထိ ဝိုင်ခဲ့ပေ။


ညခင်း မင်းတရားကြီး ကိုယ်တိုင်နှင့် ပရိတ်သတ် အပေါင်းတို့ တရားနာကြသည်။
သာဓု ...
သာဓု ...
သာဓု ...
ထို့နောက် မင်းတရားကြီးက မဟာဒါနဝန်ကို ခေါ်၍ နန်းဦး ကျောင်းတိုက်အတွင်း သင့် သော နေရာ၌ ထန်းရွက်မိုး ယာယီ ကျောင်းတစ်ခု ဆောက်စေသည်။
ဆရာတော် တက်ရဆင်ရ ရွှယ်ဆောင် ထန်းရွက် ကျောင်း ကို ဆင်းပြီး သီတင်းသုံး ပါဘုရား ...


အင်း ဟုတ်ပေတယ် ဇရာရ ဆင်းရဲတာ လူအို ဖြစ်တော့ သိတတ်လာရတယ်
တရားနာ လာသူများလည်း ဇရာရ ဆင်းရဲတာ ဝိုလေးပေမယ်
အောက် မြေပြင်မှာပဲ သင့်လျော်ပေ မယ်
ဤသို့ မိန့်တော်မူကာ အောက်သို့ ဆင်း၍ သိမ်တဆောင် ဦးတော်မူသည်။


ဝန်းရှက်တဲ့ကျောင်းနဲ့ သီတင်းသုံးပြီး ညစဉ်လာရောက်တရား နာကြသည်များကို မပြတ် ဟောကြားတော်သည်။
တစ်လခန့် ရှိသော အခါ
ဆရာတော်ဘုရား ဤကျောင်းလေးမှာ သီတင်း သုံးရတာ မသင့်တော်ပါ ကျောင်းကြီးပေါ် တက်၍ သီတင်းသုံးပါ...


ကျောင်းကြီး
ပေါ်မှာတော့ လေလုံ မိုးလုံ
ကောင်းပေတာပ
သည်ထန်းရွက်
ကျောင်းမှာတော့ လေလုံ
မိုးလုံ မဟုတ်ပါလေမယ်
မြေပြင်မှာ
တရေးနှာ ကြာရသောကြောင့်
အအေးမိ၍ ဥတုပျက်မည်
စိုးရတယ်
ဤသို့
မိန့်တော်မူပြီး
ကျောင်းကြီးပေါ်
သို့ ကြွလေပေ ။


ဆရာတော် ဘုရားသည် သိက္ခာတော် ၄၅ ဝါ ရှိလေပြီ ဝေဠုဝရွာငယ်၌ တစ်နှစ်ကျော်ခန့် သီတင်း သုံးပြီးနောက် ညဥ့် အချိန်အဝိုင်း ဝတ်ဖြည့်ရာ
ဆရာတော်၏ ညာဘက် ခြေသလုံး ကြွက်သားကို နှိပ်မိသည့် အခါ...
ဆရာတော်သည် ခြေကို ဆတ်ကနဲ ရုပ်လေ၏ ။
ဆရာတော် ခါတိုင်းလို မဟုတ်ဘူး ခြေသလုံးကို ထိရင် ရုပ်တယ်
ဟင်


ဘာဖြစ်ပါလိမ့်မလဲလို့ သင်းပိုင်ကို လှန်ကြည့်ရာ
အိုး လောက် လောက် လောက်တွေအများ ကြီးပဲ . . . .
ဆရာတော်ကြီး ခြေသလုံးမှာ အနာကြီး အဲဒီမှာ လောက်တွေ တွယ်နေတာ မနည်း မနောပဲ . . .
ဆရာတော် ဘုရား ဒီအနာကြီးကို တပည့်တော် တို့ ရှင်းလင်း သုတ်သင် ပေးပါရစေ ဘုရား . . .


အောင်မယ်
မောင်ပဉ္ဇင်းတို့ သူတို့
အိုးအိမ်မနိုင့် တစ္ဆ
အဆောက်အဦး ကြီး
တည်နေသည် ကို
မဖျက်ကြပါနဲ့
ပျက်စီးသွားချင်
သူတို့ ဒုက္ခ ဖြစ်ကြမယ်
သည်းခံကြပါ...
တစ်လခန့် ရှိသော အခါ ဆရာတော်
မထနိုင်ပဲ အိပ်ယာထဲ လဲတော့ပေ ။
လောက်ကိုက်စားသဖြင့် အရိုးပေါ်
လျက်ရှိသော အနာကြီးကို မင်း
ကြီးနှင့် မဟာဒေဝီ တို့ လာကြသည်ပေ


အင်း ဒီကောက်အနာကြီး ပေါက်လျှက်ကောက်ကိုက် ကောက်ထိုး ခံနိုင်သည်မှာ အံ့ဩဘွယ်ရာကောင်း လှသည်။
နောက် သယ်ရက်ခန့် ရှိသော ည တစ်ချက်တီးအချိန်၌ ကောင်းကင်က ထွက်ပေါ်လာသော သီချင်းများကို နန်းတွင်းနန်းပြင်ရှိ အမှုထမ်းတို့ ကြားကြရလေ၏။
မင်းကြီးကြီးလည်း သခင်တော် ပျံလွန်တော်မူကြောင်း ကြား၍ အလောင်းတော်ကို သွားရောက် ဖူးတော်မူပေ၏။


အလွန်တရာ သည်းခံခြင်းဖြင့် အံ့ဩကြည်ညိုဖွယ် ကောင်းသော ဆရာတော်၏ ဈာပနကို မင်းတရားကြီး ကိုယ်တိုင် အလောင်းတော် ရွှေသား အတိ ဖြစ်စေပြီး ၇ ရက်တိုင် ပူဇော်ကြလေသည်
မင်းတရားကြီးက မတ်တရာ ဆရာတော်အား ကြာမျိုးငါးပါးနှင့် ပြည့်စုံသည်ဟု ယောအတွင်းဝန် ဦးဖိုးလှိုင် ကို မိန့်တော်မူသည်မှာ ၁။ ဆွမ်းဘုဉ်းပေးသောအခါ ကြာခြင်း ၂။ မျက်နှာသစ်သော အခါ ကြာခြင်း ၃။ ရေချိုးသောအခါ ကြာခြင်း ၄။ ကျင်ကြီးတက်သောအခါ ကြာခြင်း ၅။ တရားဟောတော်မူသော အခါ ကြာခြင်း တို့ ဖြစ်သည်။

# ရွှေနားပန်နဲ့စေတမန်

အောင်နိုင်(တက္ကသိုလ်)



ကလေးတို့ရေ . . .

ဟို . . . ရှေးရှေးတုန်းကပေါ့ကွယ်။ စိတ္တရသီခတောင်ကြီးကို ပတ်ဝန်းထားတဲ့ တောကြီး တစ်တောရှိသတဲ့။ ဒီတောကြီးဟာ သစ်ပင်ကြီးများ၊ နွယ်ငန်းပင်ကြီးများ၊ ပိတောက်၊ ရင်းမာ၊ အင်းကြင်းစတဲ့ ပန်းအလှပင်ကြီးများ သရက်၊ ပိန္နဲ၊ နဂ္ဂါ၊ ထောက်ရှာစတဲ့ သီးပင်ကြီးများ ဆေးပင်ဝါးပင်များတို့နဲ့ပြည့်နေသတဲ့။ပြီးတော့ထုံးအိုင်စမ်းချောင်းရေတံခွန်တို့လည်း ရှိသတဲ့ကွယ်။

ဒီလိုအစာရေစာလည်းပေါ၊မှီခိုနားနေရန်နေရာလည်းပေါ်လို့ဒီတောဒီတောင်တစ်လျှောက်မှာ သားသမင်တွေ ကျေးငှက်တွေ အလွန်ပေါ်များနေသတဲ့။ တောကနက်လည်း နက်လေတော့ သမ္မာရင့်မုဆိုးကျော် တစ်ယောက်စနှစ်ယောက်စလောက်သာ တောနက် တောင်ခြေထိရောက်တတ်သတဲ့။ မုဆိုးတိုင်း မရောက်နိုင်ဘူးပေါ့ကွယ်။

အဲဒီတောကြီးတစ်နေရာ ဂူတစ်ခုထဲမှာတော့ တရားအားထုတ်နေတဲ့ ရသေ့ကြီးတစ်ပါးရှိသတဲ့။ ရသေ့ကြီးက ကျေးငှက်တွေ သားသမင်တွေကို သနားကြင်နာစွာနဲ့ အလိုလိုက်ထားလို့ ဂူအနားတစ်ဝိုက်မှာ ကျေးငှက်တွန်ကျူး

သံ သားသမင်တို့ ပျော်မြူးဟန်တွေကို ကြားနေ မြင်နေရသတဲ့။ ရသေ့ကြီးဟာ တရားကိုလည်း အားထုတ်ရင်း ဆေးပင်ဆေးမြစ်တို့ရဲ့သတ္တိထူးကိုလည်း စူးစမ်း သိရှိထားသတဲ့။ ဒါကြောင့် သားငှက်ကလေးများ ထိခိုက်မိလို့ပဲဖြစ်ဖြစ်၊ အချင်းချင်း ရန်ပြုလို့ပဲဖြစ်ဖြစ် ဒဏ်ရာ အနာတရဖြစ်တိုင်းဖြစ်တိုင်း ဆေးဝါးတို့နဲ့လူးနယ်တိုက်ကျွေး ကုသပေးတတ်သေးသတဲ့။

ကျေးငှက်သားသမင်တို့ဟာ ရသေ့ကြီးကို တွယ်တာလေးစားကြလို့ဝင်ထွက်ဆည်းကပ်နေရုံသာမက သစ်သီး၊ သစ်ဖုများကိုတောင် ရှာဖွေ ကပ်လှူကြတယ်။ အဲဒီသားငှက်တွေထဲက အသံအမျိုးမျိုးပြုတတ်တဲ့ ငှက်ကလေးတွေက ရသေ့ကြီးထံ ပိုမိုချဉ်းကပ်လေ့ ရှိကြတယ်တဲ့။ ပြီးတော့ပါးနပ်လိမ္မာပြီး ရသေ့ကြီးရဲ့ပြောစကားကိုလဲ အတုခိုးတတ်လို့ ရသေ့ကြီးက ဒီငှက်ကလေးတွေကို ဂရုစိုက်လေ့ရှိသတဲ့။

အဲ . . . တစ်နေ့တော့ အဲဒီငှက်ကလေးတစ်စုဟာ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝိုင်းအုံပြီး ဆူဆူညံညံဖြစ်နေကြတယ်။ ပြီးတော့ ရသေ့ကြီးထံလာပြီး ထူးထူးခြားခြား အသံတွေနဲ့ပြောနေတယ်။ ရသေ့ကြီးက သူတို့အမူအရာ အသံဗလံတွေကို အကဲခတ်ပြီး တစ်ခုခုတော့ ဖြစ်နေပြီလို့ ယူဆမိတာနဲ့ သစ်ပင်ကြီးဆီ လိုက်သွားတာပေါ့။ ဟုတ်တာပေါ့ကွယ်။ လုလင်တစ်ယောက်လဲပြီး သတိလစ်နေတာကို ရသေ့ကြီး တွေ့လိုက်ရတယ်လေ။

ရသေ့ကြီးဟာ လုလင်ယ်ကို ပွေ့ချီကာ ဂူထဲကို သယ်ယူလာခဲ့ပြီးဆေးဝါးများနဲ့ ကုသပေးလို့ သတိရလာတယ်။ ဒီအခါလုလင်လေးက အကြောင်းစုံ ပြန်ပြောပြရှာတယ်တဲ့ကွယ်။

သူဟာ အယုဒ္ဓယပြည် ဘုရင်ကြီးရဲ့သားတော်တစ်ပါးဖြစ်သတဲ့။ တစ်ခါတော့ ရွှေနန်းတော်ကြီးမှာ ဘုရင်ကြီးနဲ့တကွ မှူးမတ်သေနာပတိ ပညာရှိပုဏ္ဏားတော်တို့မှာ စိတ်ပျက်အားငယ်လောက်အောင်ကို အခက်တစ်ခုဖြစ်နေကြသတဲ့။ မိဖုရားခေါင်ကြီးမှာ ရောဂါဖိစီးနှိပ်စက်နေတာ။ လပေါင်းများကြာတဲ့အထိ ဆေးရှာမတွေ့နိုင်တဲ့အခက်ပါပဲကွယ်။ သမားတော်ကြီးတွေဟာလည်း ဉာဏ်လက်ပန်းကျပြီးလက်စွမ်းကုန်နေပြီဖြစ်လို့ဘုရင်ကြီးထံမခစားရဲအောင်ဖြစ်နေကြပြီတဲ့။

မိဖုရားခေါင်ကြီးမှာ သားတော် သုံးပါးရှိတဲ့အနက်သားထွေးလေးဟာ မယ်တော်ကြီးရဲ့ ဝေဒနာခံစားနေရမှုကြောင့် စိတ်မချမ်းမသာဖြစ်နေရလို့ ဆေးဝါးရရှိရေးအတွက် သူ့နည်းသူ့ဟန်နဲ့ စုံစမ်းမေးမြန်း ရှာဖွေနေရှာသတဲ့။ အဲ. . . တစ်နေ့မှာ ရွာငယ်တစ်ရွာကို ရောက်ခိုက်စောစောကပြောခဲ့တဲ့ တောပျော်ရသေ့ကြီးရဲ့သတင်းကို ဝိုးတဝါးကြားသိရသတဲ့။ တပ်အပ်သေချာ ပြောနိုင်တဲ့သူကို ကိုယ်တိုင်လိုက်ရှာတော့မှ မုဆိုးအိုကြီးတစ်ဦးကိုတွေ့ရသတဲ့။သူကသွားတဲ့လမ်းကိုသိရုံသာမကရသေ့ကြီးနဲ့လည်းသိကျွမ်းသူ ဖြစ်နေသတဲ့ကွယ်။

မင်းသားလေးဟာ ရွှေနန်းတော်က ရဲသုံးဖော်ကိုခေါ်ပြီး မုဆိုးကြီးနဲ့အတူ မြင်းကိုယ်စီ၊ လေးမြားလက်နက် အစုံနဲ့ စိတ္တရသီခ တောင်ခြေဆီကို မှန်းပြီးထွက်ခဲ့ကြတာပေါ့။

ကုသိုလ်ကံ မကောင်းချင်တော့ မင်းသားလေးတို့တောနက်ထဲရောက်တဲ့အခါမှာ လေပြင်းမုန်တိုင်းကြီး အကြီးအကျယ် ကျရောက်ပါလေရောကွယ်။ ပြင်းထန်လိုက်တဲ့ လေမုန်တိုင်းက သစ်ပင်ကြီးတွေ ဖုန်းဖုန်းလဲကျ၊ သစ်ကိုင်းကြီးတွေ ကျိုးပဲ့ကျ၊ တောင်စောင်း တောင်စွယ် တွေပြိုကျ၊ တစ်တောလုံးတစ်တောင်လုံး အုန်းအုန်းကျွက်ကျွက်နဲ့ ကပ်ဘေးကြီးဆိုက်ရောက်တော့တာပေါ့။

မင်းသားလေးတို့ မပုန်းသာ မရှောင်သာ မကြုံတတ်မစီတတ်နဲ့ ရောက်တတ်ရာရာ ပြေးကြသတဲ့။ မင်းသားလေးမှာ သေကံမရောက် သက်မပျောက်ထိုက်သေးတာမို့ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာမရခဲ့ဘူးတဲ့။ ဒါပေမဲ့ မုဆိုးကြီးနဲ့ရော သူ့နောက်လိုက်တွေနဲ့ပါကွဲသွားသတဲ့။ပြီးတော့ လေးမြားလက်နက်နဲ့မြင်းပါပျောက်ဆုံးသွားရှာသတဲ့။မင်းသားဟာ တောထဲမှာ တစ်ယောက်တည်းဆိုတော့ အားငယ်စရာ ကြီးပေါ့ကွယ်။ ဒါပေမဲ့ ကျေးဇူးရှင်မွေးမိယ်တော်ကို ရောဂါမှ သက်သာစေချင်တဲ့ စိတ်စေတနာကပြင်းပြနေတာမို့ ရသေ့ကြီးကို ဆက်ရှာဖို့ဆုံးဖြတ်လိုက်သတဲ့။

ဒါပေမဲ့ သူ့အဖို့ ရသေ့ကြီးနေရာကိုလည်း တိတိကျကျမသိ တောရဲ့အထာကိုလည်းတစ်စွန်းတစ်စမျှမသိလေတော့လွယ်လွယ်နဲ့မတွေ့ဘဲ ဒုက္ခတွေကိုသာ ထပ်တလဲလဲတွေ့နေရရှာသတဲ့။ ရရာသစ်သီးကိုစား ကြုံလာတဲ့ဘေးရန်ကို တွေ့ရာခဲကျောက်တွေနဲ့ခုခံ သစ်ပင်ပေါ်တက်

အိပ်၊ ဒီလိုနဲ့ရှာလိုက်တာ တစ်လနီးပါးတောင် ကြာနေပြီတဲ့လေ။ ရသေ့ကြီးကိုသာ မတွေ့ရတာ မဟုတ်ဘူး။ ပြန်လမ်းကိုလည်းမမှန်းတတ်တော့ဘူး။ ခရီးကလည်းပန်း၊ အပူ အအေးဒဏ်ကိုလည်းခံရ၊ အစားအစာကလဲ မမှန်လေတော့ တဖြည်းဖြည်း အားအင်ကုန်ခန်းလာတော့သတဲ့။

ဒီလိုရှာရင်းရှာရင်းနဲ့ တစ်နေ့တော့ အရှေ့အရပ်ဆီမှာ ကျေးငှက်မျိုးစုံတွေ အစုလိုက်အအုပ်လိုက်ပျံတက်လိုက် ပျံဆင်းလိုက် လုပ်နေတာကို မြင်သတဲ့။ အဲဒီငှက်တွေနေရာမှာ ရေကန်စမ်းချောင်းလည်း ရှိနိုင်တယ်။ တောလိုက်မုဆိုးများလည်း လာကောင်းလာနိုင်တယ်ဆိုပြီး ငှက်အုပ်လှုပ်ရှားတဲ့ဆီကိုမှန်းလာခဲ့တော့တာပေါ့။သဘာဝရေကန်ကြီးကို မြင်လဲမြင်ရရော မင်းသားလည်း မူးဝေလဲကျသွားပါရောတဲ့ကွယ်။

အကြောင်းစုံကို သိရတဲ့အခါ ရသေ့ကြီးက မင်းသားလေးအားအင်ပြည့်အောင်လည်း ပြုစုကုသပေးတယ်။ မိဖုရားခေါင်ကြီးရဲ့ရောဂါကို ကုသဖို့လည်း စီစဉ်တော့တယ်တဲ့။

ရသေ့ကြီးက အသံအတုခိုးတတ်တဲ့ ငှက်ကလေးတွေကို ပြောစေချင်တဲ့စကားတွေကို သေသေချာချာ သင်ပေးတယ်။ ပြီးတော့ ငှက်လေးတွေကို ဆေးဝါးတွေကိုက်ချီစေပြီး အယုဒ္ဓယနန်းတော်ကြီးဆီ ပို့ခိုင်းလိုက်တော့သတဲ့။ သူတို့ထဲက မကူညီချင်တဲ့ ငှက်တချို့က ရှောက်ဖယ်ရှောင်ဖယ် လုပ်နေလိုက်ကြသတဲ့။

မိဖုရားကြီးခမျာမှာလည်း ရောဂါဖိစီး၊ သားထွေးလေးက ပျောက်ဆုံးနဲ့မို့ အတော့်ကို အခြေအနေဆိုးနေရှာပြီဆိုပဲ။ ဒါပေမဲ့သားကိုပြန်တွေ့ချင်တဲ့စိတ်ကဆွဲဆောင်ထားလို့သာ အသက်ရှင် နေနိုင်သေးတယ်လို့ဆိုရမှာပေါ့။

ငှက်ကလေးတွေရောက်လာလို့ သားသတင်းကိုကြားရတာနဲ့တစ်ပြိုင်နက်မိဖုရားကြီးဟာအံ့သြလောက်အောင် လန်းဆန်းလာရောတဲ့။ အဲ . . . ပြီးတော့ ရသေ့ကြီးရဲ့ဆေးဝါးများကို ငှက်လေးတွေပြောတဲ့ ဆေးညွှန်းအတိုင်း မှီဝဲတဲ့အခါ ယူပစ်လိုက်သလား ထင်ရအောင် ရောဂါတွေပျောက်ကင်းပါရောတဲ့ကွယ်။ ဒါနဲ့သုံးလေးရက်နေပြီး မင်းမိဖုရားနှစ်ပါးတို့ဟာ သားကိုလည်းပြန်ခေါ်ဖို့ ရသေ့ကြီးကိုလည်း ပူဇော်ဖို့ ဆင်တပ်မြင်းတပ်တွေနဲ့စိတ္တရသီခတောင်ဆီကို ကြွချီလာကြတော့တာပေါ့။ ငှက်တွေကလည်းပျံချည် နားချည်လုပ်ရင်း လမ်းပြပြီးဆောင်ခဲ့ကြလို့ ရသေ့ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြသတဲ့။ အချင်းချင်းပြန်တွေ့ကြရ၊ အကျိုးကြောင်းစုံတွေ သိကြရတော့ အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြ၊ ရသေ့ကြီးနဲ့ ငှက်ကလေးတွေကို အလွန်ကျေးဇူးတင်ကြတာပေါ့။ ဒါကြောင့် မိဖုရားကြီးက မိမိတို့နားမှာ ပန်ဆင်ထားတဲ့ ရွှေနားပန်များကို ငှက်ကလေးတွေရဲ့ နားပေါက်နားမှာ ပန်ဆင်ပေးလိုက်သတဲ့။ ဒါတင်မကသေးဘူး၊ မောင်းမမိဿံတွေထဲကပါသမျှရွှေထည်များကိုယူပြီးစကားပြောနိုင်တဲ့ ငှက်နှုတ်သီးတွေကို ရွှေပြားကွပ်ပေးလိုက်လို့ ခုအထိ ငှက်လေးတွေမှာ ရွှေနားပန်၊ ရွှေနှုတ်သီးတွေနဲ့ ကျက်သရေ ရှိနေဆဲပဲပေါ့ကွယ်။

ရသေ့ကြီးကလည်း တမန်တော်အဖြစ် အကျိုးဆောင်ပေးတဲ့ကျေးဇူးကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီငှက်ကလေးတွေကို "သာရကာ"လို့အမည်တပ်ပေးသတဲ့။ သာရကာဆိုတာပါဠိလိုဘာသာစကားပါ။ မြန်မာလိုတော့ တမန်တော်လို့ အဓိပ္ပာယ်ရတာပေါ့ကွယ်။ ကာလကြာလာလို့ အခုတော့ သူတို့ကို သာလိကာလို့ပဲ ခေါ်နေကြတာ ကလေးတို့သိမှာပေါ့နော်။

အေး . . . ရသေ့ကြီးခိုင်းစဉ်က ရှောင်ဖယ်ရှောင်ဖယ် လုပ်နေခဲ့တဲ့ ငှက်တချို့က သူတို့လဲ ရွှေနားပန်များရချင်လွန်းလို့ ရသေ့ကြီးအပါးတရစ်ဝဲဝဲလုပ်ရင်းအဆက်မပြတ် အသံပြုနေကြသတဲ့။ ဒါကြောင့် ရသေ့ကြီးက အသံကိုသာ အဆက်မပြတ်ပြုတတ်တဲ့ငှက်ဆိုတဲ့အဓိပ္ပာယ်နဲ့သူတို့ကို ဆက်ရက်လို့ခေါ်လိုက်သတဲ့။ အသံကိုသာပေးတတ်ပြီး အကူအညီမပေးတတ်လို့ ထိုက်တန်တဲ့ ဒီအမည်ကို ပေးလိုက်တာကွယ့်။ အခုကလေးတို့ ဆက်ရက်လို့သိထားတဲ့ငှက်တွေပေါ့ကွယ်။ ဒီဆက်ရက်ငှက်တွေဟာ ဘုရင့်တပ်တော်ကြီး ပြန်သွားတော့လဲ ရွှေနားပန်၊ ရွှေနှုတ်သီးရလိုရငြားဆိုပြီး နန်းတော်ထိ လိုက်လာကြသတဲ့။ ခုထိ လူတွေထံက ဆုလာဘ်ရချင်စိတ်နဲ့ လူနေဒေသမှာ နေထိုင်စောင့်စားနေကြတုန်း ဆိုပဲကွယ်။

ကဲ . . . ကလေးတို့ရေ သူ့အကျိုးဆောင်ရင် ကိုယ့်မှာအကျိုးရှိတယ်။ သူ့အကျိုးမဆောင်ရင်ကိုယ့်မှာ အကျိုးမရနိုင်ဘူးဆိုတာ သဘောပေါက်ကြရောပေါ့နော်။

အောင်နိုင်(တက္ကသိုလ်)

အိန္ဒိယ–ပုံပြင်

# ယုံတမ်းစကားပြောကြခြင်း

လင်းငြိမ်



တစ်နေ့တွင် အိန္ဒိယကုန်သည်ကြီး တစ်ဦးသည် လမ်းလျှောက်လာရာ လယ်သမားတစ် ယောက်ကို တွေ့လေ၏။ ထိုလယ်သမားကို သူကောင်းကောင်းသိ၏။ သူ့တွင် လတ်တလော လုပ်စရာ အလုပ်ကြီးကြီးကျယ်ကျယ် မရှိသေး၍ လယ်သမားကိုအပျော်သဘော လှည့်စားရန် ဆုံးဖြတ်လိုက်သည်။

“ မင်္ဂလာမနက်ခင်းပါဗျာ ” သူက လယ်သမားကြီးကို နှုတ်ဆက်လိုက်သည်။

“မြို့ကိုရောက်ဖို့ အဝေးကြီးလျှောက်ရဦးမှာဗျ။ ခင်ဗျားနဲ့ အတူတူလျှောက်သွားရရင် ကောင်းမယ် ”

“ခင်ဗျားက မြို့ကြီးသားပဲဗျ။ ကျုပ်က ကျေးတောသား လယ်သမား။ ကျုပ်တို့ ဘာအကြောင်းပြောကြမှာလဲဗျာ ”

“ ဒီလိုလုပ်မယ်လေ ” ကုန်သည်ကြီးကပြောသည်။ “ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် မဖြစ်နိုင်တဲ့ ပုံပြင်တွေ ပြောကြမယ်ဗျာ။ မဖြစ်နိုင်ဘူးလို့ သံသယဖြစ်မိတဲ့လူက ရူပီးတစ်ရာပေးကြေး ”

“ အကြံကောင်းပဲ ” လယ်သမားကြီးကဆို၏။

“ကဲ ခင်ဗျား စပြော ” ကုန်သည်ကြီးက စပြောလေ၏။ “ တစ်ရက် ကျွန်တော်လမ်းလျှောက်လာတော့ ကျွန်တော်နဲ့သိတဲ့ကုန်သည်တစ်ယောက်နဲ့ တွေ့တယ်။ သူ့မှာ ဈေးထဲကို သွားရောင်းရမယ့် ကုန်တွေတင်လာ တဲ့ ကုလားအုတ်တွေ အများကြီး ပါလာတယ်ဗျ။ အားလုံး တစ်ရာနဲ့တစ်ကောင်။ တစ်ကောင်ချင်းစီကို နဖားပေါက်က နေကြိုးတွေနဲ့ ဆက်ပြီး ချည်ထားတယ်။ “ ဆက်ပြောပါဦး ” လယ်သမားကြီးက တိုက်တွန်း သည်။ “ အဲဒီအချိန်မှာ ... ” ကုန်သည်ကြီးကဆက်ပြော၏။ “လင်းယုန်ကြီးတစ်ကောင်က ရှေ့ဆုံးက ကုလားအုတ်ကို ထိုးသုတ်သွားရောဗျို့။ တစ်ကောင်နဲ့ တစ်ကောင် ကြိုးနဲ့ဆက်ချည်ထားတာဆိုတော့ တခြားကုလားအုတ်တွေပါ ပါသွားရော ... ”

“ လင်းယုန်တွေက သိပ်အားကောင်းတာဗျ ” လယ်သမားကြီးက ခေါင်းတဆက်ဆက် ညိတ်ရင်း မှတ်ချက်ပြုသည်။

“လင်းယုန်ကြီးကကုလားအုတ်တွေကိုဘာလုပ်လိုက် တုံး ”

“ အင်း ... ဧကန္တ ခင်ဗျား ကျွန်တော်ပြောတာတွေကို သံသယရှိနေပြီနဲ့တူတယ် ” ကုန်သည်ကြီးက ဆို၏။

“ လုံးဝမဟုတ်ရပါဘူးဗျာ ” လယ်သမားကြီးက ငြင်းလေ၏။ “ စိတ်ဝင်စားစရာကောင်းလွန်းလို့ပါ ”

“ အဲဒီအချိန်မှာ ” ကုန်သည်ကြီးက ဆက်ပြောပြန်၏။

“ ကောင်မလေး တစ်ယောက်က ဥယျာဉ်ထဲမှာ ထိုင်နေတယ်ဗျ။ လင်းယုန်ကြီးပျံလာတဲ့အချိန်မှာ ကောင်မလေးက ခေါင်းမော့ပြီး ဆံပင်ဖြီးနေတာ။ ကုလားအုတ်တွေကရုတ်တစ်ရက်ရုန်းကြကန်ကြတာကြောင့် လင်းယုန်ကြီး လက်ထဲကလွတ်ကျ ကုန်ပြီး ကုလားအုတ်အားလုံး ကောင်မလေးရဲ့ဘယ်ဘက်မျက်စိထဲဝင်သွားပါလေရော ”

“ အို ... သနားစရာကောင်မလေးပဲ ” လယ်သမားကြီးကဂရုဏာသက်စွာ ဆို၏။ ဤသို့ဆိုသည်ကိုကုန်သည်ကြီးက မကျေနပ်စွာ ကြည့်၏။

“ ကောင်မလေးက ထခုန်လိုက်ပြီး အောင်မလေး တော့ ကျွန်မ မျက်လုံးထဲဘာဝင်သွားသလဲမသိဘူး လို့ ပြောလိုက်တယ်။ သူ့ရဲ့ညီမလေးကပြေးထွက်လာ ပြီး ငါ့ကို ပြစမ်းလို့ ပြောကာ ကောင်မလေးရဲ့မျက်ခွံကို မကြည့်ပြီး ကုလားအုတ်တစ်ကောင်ကို ဆွဲထုတ်လိုက်တယ်။ ပြီးတော့ သူ့အိတ်ကပ်ထဲထည့်လိုက်တယ်။ ပြီးတော့ သူ့ရဲ့လက်ကိုင် ပဝါကိုရစ်ပတ်လိုက်ပြီးကောင်မလေးရဲ့မျက်လုံးထောင့်ကို ပွတ်ပေးလိုက်တယ်။ အဲဒီအခါ ကျန်တဲ့ ကုလားအုတ်တွေ ထွက်လာ ကြတယ်။ အားလုံးကို သူ့အိတ်ကပ်ထဲ ယူထည့် လိုက်တယ် ” ကုန်သည်ကြီး ခဏရပ်နားလိုက်၏။ လယ်သမားကြီးက သူ့ကို အေးအေးဆေးဆေး ကြည့်လိုက်ပြီး “ ဆက်ပြောပါဦး ” ဟု ဆိုလိုက်သည်။

“ ကျွန်တော် စဉ်းစားလို့မရတော့ဘူး ” ကုန်သည်ကြီး က ပြောလေ၏။

“ ဘာပဲဖြစ်ဖြစ်လေ၊ ဒီလိုနဲ့ပုံပြင်ပြီးသွားရောဆို ပါတော့ဗျာ။ ကဲ ခင်ဗျား အလှည့် ”

“ကျုပ်ရဲ့အဖေဟာ အရမ်းချမ်းသာတဲ့ လူဗျ။ သူ့မှာ နွားမတွေ နွားအုပ်တွေ၊ ကျွဲတွေ၊ ဆိတ်တွေ ရှိတယ်။ ဒါပေမဲ့ သူက သူ့ မြည်းမလေးအတွက် ဂုဏ်အယူ ဆုံးပဲ။ ကောင်းကောင်းသားပေါက်ပြီးအသိဉာဏ်ရည်လည်းရှိတဲ့ သတ္တဝါလေးပဲ ”

“ ဆက်ပြောပါဦး ” ကုန်သည်ကြီးက စိတ်မရှည် စွာ တိုက်တွန်းသည်။

“ အဲဒီလောက်မလောပါနဲ့လေ ” လယ်သမားကြီး က

ဆို၏။ " ကျုပ်တို့မှာ အချိန်တွေအများကြီးရှိပါသေးတယ်။ ကဲ ကဲ ဆက်ပြောရရင် အဲဒီလိုနဲ့ တစ်ရက်တော့ ကျုပ်အဖေက အဲဒီမြည်းမလေးကိုစီးပြီးဈေးကိုသွားတယ်။ လမ်းသွားရင်းနဲ့ မြည်းမလေးရဲ့ကျောကုန်းမှာ ဒဏ်ရာတစ်ခုကို သူတွေ့မိခဲ့တယ်။

" အင် . . . အင် " ကုန်သည်ကြီးက ပိုပြီး စိတ်မရှည်ဖြစ်လာသည်။

" ပြီးတော့ ဘာဆက်ဖြစ်လဲဗျာ " လယ်သမားကြီး က ဆက်ပြောလေ၏။

"နွေခေါင်ခေါင်ကြီးမှာ သဲမုန်တိုင်းကြီးတိုက်ပြီး မိုးကြီးတွေလဲရွာချတယ်။ ဖုန်တွေက မြည်းမလေးရဲ့ ဒဏ်ရာထဲကို ဝင်ကုန်တယ်။ အဲဒီအချိန်မှာပဲ ဂျုံစေ့တစ်ချို့ကလဲ ဒဏ်ရာထဲဝင်သွားတယ်။ မိုးလဲရွာရော မိုးရေတွေဝင်သွားပြီး နေပြန်ပူလာတာနဲ့ ဂျုံစေ့တွေပေါက် ပြီး ကြီးထွား လာကြပါလေရော "

" ဟုတ်လောက်တယ် " ကုန်သည်ကြီးက ဆို၏။

"ဂျုံပင်တွေက နည်းနည်းအခွင့်သာတာနဲ့ ဘယ်နေရာမှာ မဆိုပေါက်မှာပဲ "

" မကြာခင်မှာပဲ "လယ်သမားကြီးက ဆက်ပြော၏။ "ဂျုံခင်းကြီးတစ်ခုဖြစ်လာတယ်။ အဲဒီဂျုံတွေကိုကျုပ်တို့လူသုံးဆယ်လောက်နဲ့ ရိတ်လိုက်ရတယ် "

" ကောက်ရိတ်ချိန်မှာ လူအင်အားများများလိုတာ အမှန်ပဲဗျ " ကုန်သည်ကြီး မိမိဘာသာ ကျေနပ်နေပုံဖြင့် ဆိုလိုက်၏။

" ကျုပ်တို့ ဂျုံစည်းနှစ်ထောင်ကျော် ရလိုက်တယ် "

" ကောင်းလိုက်တဲ့ စိုက်ခင်းဗျာ " ကုန်သည်ကြီးက ဖြည့်ပြောလိုက်၏။

" အဲဒီအချိန်မှာ " လယ်သမားကြီးက ဆက်ပြော၏။ " ခင်ဗျားအဖေ ကျုပ်တို့ဆီရောက်လာတယ်။ သူက အရမ်းကို ဆင်းရဲပြီး စားဖို့သောက်ဖို့ကို အနိုင်နိုင်ဖြစ်နေတယ်။ သူက ကျုပ်အဖေဆီလာပြီး ခခယယတောင်းပန်ရှာတယ်" ထိုအချိန်၌ ကုန်သည်ကြီးဟာ လယ်သမားကြီးကို စူးစူးစိုက်စိုက်ကြီးကို ကြည့်နေ၏။ သို့သော်ဘာမျှ မပြောချေ။

" ကျွန်တော်တစ်ပတ်လုံး ဘာမှမစားရသေးပါဘူးဗျာ။ ဆရာကြီးရယ်ကျွန်တော့်ကိုဂျုံစည်းနှစ်ဆယ်လောက်ချေးပါ။ ကျွန်တော်ပြန်ပေးပါ့မယ်လို့ ခင်ဗျားအဖေက ပြောတယ်။ ဒါနဲ့ ရရပါစေ့မယ်ကွာလို့ ကျုပ်အဖေက ပြန်ပြောလိုက်တယ်။ မင်းလိုသလောက်ယူ သွား၊ ပေးနိုင်တဲ့အခါမှ ပြန်ပေးလို့လည်း ပြောလိုက်တယ် "

" ဆက်ပြောစမ်းပါဦး " ကုန်သည်ကြီးက ပြောသည်။ ထိုအချိန်တွင် ကုန်သည်ကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်နေပြီ ဖြစ်သည်။

" ခင်ဗျားအဖေက ဂျုံစည်းနှစ်ဆယ် ယူသွားတယ် " လယ်သမားကြီး ကဆက်ပြောသည်။

" ဒါပေမဲ့သူ အကြွေးကို ပြန်မဆပ်နိုင်ခဲ့ဘူး။ ကျုပ်အဖေသေတဲ့အခါကြတဲ့ အဲဒီအကြွေးစာရင်းက ကျုပ်ဆီမှာ ကျန်ခဲ့တယ်။ ကျုပ်ဒီကိစ္စကို ရုံးတော်ကို တိုင်ဖို့စဉ်းစားပါသေးတယ်။ ဒါပေမဲ့ အဲဒီလို မလုပ်ဖို့ဆုံးဖြတ်လိုက်တယ် " ကုန်သည်ကြီးဟာ အခိုက်အတန့်အတွင်းမှာတော့ ဘာမျှမပြောဘူး။ သို့သော် သူ့စိတ်ကတော့ လျင်မြန်စွာ စဉ်းစားတွေးတောနေ၏။ပြီးမှ ရုတ်တရက် သူက

" ဂျုံဆိုတာ ဈေးပေါပါတယ်ဗျာ။ အဲဒီဂျုံဖိုး ကျွန်တော်ပေးပါ့မယ် " ဟု ပြောလိုက်သည်။ အစဦးက သူတို့အစီစဉ်ပြုလုပ်ထားသည်ကို သူသတိရသွား ၍ဖြစ်သည်။ အကယ်၍ လယ်သမား၏ပုံပြင်ကို မဟုတ်ဘူးဟု သူငြင်းဆိုခဲ့လျှင် သူလယ်သမားကြီးကို ရွှေပြားတစ်ရာပေးရပေတော့မည်။ ထို့ကြောင့် ဈေးပေါသော ဂျုံဖိုးကိုသာ သူပေးလိုက်လေတော့၏။ အကြံပိုင်သောလယ်သမားကြီးပါပေ။

( အိန္ဒိယတွင် ယခုအချိန်ထိ ဤစကားကို သုံးစွဲ နေကြဆဲဖြစ်၏။ )

အိန္ဒိယ ပုံပြင်ဟောင်း
တစ်ပုဒ်ကို ပြန်ဆိုပါသည်။

လင်းငြိမ်


ကာတွန်း
သရုပ်ဖော်သည်
တရုတ်ကိုးက
စကားပုံ ပုံပြင်များ
ဒီ တရုတ်ပုံပြင်ကလေးကလည်း ကလေးတို့ကို အပျင်းလည်းပြေ ဗဟုသုတလည်းရစေမယ်ဆိုတာ သေချာပါတယ်၊ ဖတ် မှတ် နော်..
အမှန်တရားနဲ့ ပတ်သက်တဲ့ သာဓက ပုံပြင်လေးတစ်ပုဒ်ပါကွယ် ကိုယ့်ရှုထောင့် ကိုယ့်အမြင်ကိုပဲ အမှန်လို့ တရားသေ ထင်မှတ်နေသူတွေအတွက် သင်ခန်းစာပါ။
ပိုလို့ ဆိုတာ ရှေးခေတ် တရုတ်ပြည်က မြင်းကြန်အင် ပညာရှင်တစ်ဦးပေါ့၊ မြင်းနဲ့ပါတ်သက်လို့ ကတော့ ပိုလို့လောက် သိတဲ့သူ မရှိဘူးတဲ့၊ မြင်းနဲ့ ပါတ်သက်တဲ့ အသိပညာဗဟုသုတအရာမှာ ပိုလို့ကို မှီတဲ့သူမရှိလို့ သူ့ခေတ် သူ့အခါက ပြိုင်ဘက်ကင်း မြင်းဘက်ဆိုင်ရာ ပညာရှိကြီးပေါ့ကွယ်။


ပိုလို့ ဇရာပိုင်းရောက်လာတဲ့ အခါမှာတော့ သားဖြစ်တဲ့သူကို သူ့ရဲ့ အဿဗေဒ မြင်း ကျမ်းကို တိမ်ကော ပပျောက်ခြင်း မဖြစ် အောင် လက်ဆင့်ကမ်းပေးပါတော့..
ဒီအတတ်ပညာကို တည်မြဲအောင် သားက ဆက်ပြီး ထိမ်းသိမ်းစောင့် ရှောက်ရမယ်..
အဿဗေဒ မြင်းကျမ်း
ဖခင် ပြုစု ရေးသား ပြီး မှတ်ထားတဲ့ အဿဗေဒ မြင်းကျမ်းပါ စာတွေကို သားဖြစ်သူကလည်းကြိုး စား ကျက်မှတ်တာပေါ့၊ ဖခင်ဖြစ်သူ ပိုလို့လို ကျော်ကြားချင်တာကိုး။


အသသထိုရ် ဆိုတဲ့ မြင်းကောင်းဇော် ကြန်အင်မှာ နဖူးမို့မို့ မျက်လုံးရွဲရွဲ ခွါအိုး မှာက မျောက်သွားတဲ့ ဖလား ချက်ကဲ့သို့ ဝိုင်းဝိုင်းစက် စက် ဖြစ်သည် တဲ့
အသသထိုရ် မြင်းကောင်း
တွေ့အောင် ရှာရမယ်..
အသသပေမြဲ မြင်းကျမ်းကို အလွတ်ကျက်မှတ် အာဂုံဆောင်ကာ အသသထိုက်မြင်းကောင်း ကြန်အင်လက္ခဏာအတိုင်း မြင်းမျိုးကောင်း မျိုးသန့် ရှာဖို့အရေး လက်တွေ့ကွင်းဆင်းကာ နေရာအနှံ့ဆီသို့ သွားရောက်ပြီး အသသထိုက်မြင်းရှာပုံတော် ခရီး ထွက်ခဲ့သတဲ့ကွယ်...
သူတို့ကတော့ မဖြစ်နိုင်ဘူး


အဲသည်နေ့မှစ၍ မြင်းကျမ်းပါ ပုံစံနဲ့ သဏ္ဍာန် အတိုင်း မြင်တွေ့သမျှ တိရစ္ဆာန်များကို တိုက်ဆိုင်ကြည့်၏၊
နဖူးကတော့... မို့ဖြိုး မျက်လုံးလည်း ရွှဲပါရဲ့...ဒါပေမဲ့
မျက်လုံးက ရွှဲ ပေမယ့် ခွါအိုးက မလုံးဘူး။
တစ်နေရာရာမှာ အသေအချာ ဂွကို ရှိမှာမို့ တွေ့ကို တွေ့ရမယ်။


အားမလျှော့ဘဲ ဇွဲနဘဲနဲ့ ဆက်ပြီး တစ်တောဝင် တစ်တောထွက် ဆက်ကာ ရှာဖွေလာလိုက်တာ တစ်နေ့အရောက် မှာတော့ သူ့ကြိုးစားမှုဟာ အကျိုးထင်လို့ အကောင်အထည် ပေါ်ခဲ့ပါရော...
အဲဒါကတော့ အဿမေဒ မြင်းကျမ်း ပါအတိုင်း ကိုက်ညီတဲ့ တိရစ္ဆာန်တစ် ကောင်ကို သူ ရှာဖွေတွေ့ရှိတာပါ။
နဖူးမို့မို့နဲ့ မျက်လုံးရွှဲရွှဲ ခြေအိုးက မျှော်ထားတဲ့ဖလား ခွာက်လို ဝိုင်းဝိုင်းလေး ဆိုတော့ကာ..
ဟား ဟုတ်ပြီ...
မောတော့ ♪ မောတာပေါ့ ဒါပေမဲ့ မမောဘူး ♫
ဒါနဲ့ သူက အားရဝမ်းသာနဲ့ အဲဒီ တိရစ္ဆာန်ကို ဖမ်းယူ သယ်ဆောင်ကာ · ဖခင် ရှိရာဆီ မမောနိုင် မပမ်းဘဲ အပြေးအလွှားနဲ့ ကဆုန်ဆိုင်းလို့ ပြန်လာခဲ့ပါတော့တဲ့ကွယ်...


အဖေရေ
ကျွန်တော် အသေထိုက်
မြင်းကျမ်းပါအတိုင်း အသေထိုက်
မြင်းမျိုး ရှာရခဲ့ပြီဗျ...
အယ်မှာလိုက်ကွ
မင်းရဲ့ အသေထိုက်
မြင်းမျိုး ပြပါဦး
လူလေးရဲ့...
ဒီမှာလေ
ဒီလို့ ပဲ သူ့သားဖမ်းလာတဲ့ အသေထိုက် မြင်းမျိုးလည်း မြင်တော့ ငိုရခက် ရီရခက် ဖြစ်ပါတော့။
ရုပ်ပုံကြည့်ကာ မင်းက
မြင်းကောင်းရှာတာကိုး။ မင်းရဲ့
မြင်းက ခုန်လွန်းလို့ ဇက် ကိုင်
နိုင်မှာ မဟုတ်ဘူး။
ပြီးတော့
လူကသူ့ မစီးရဘဲ
သူက လူကိုစီးမှာ
ရုပ်ပုံကြည့်ကာ မြင်းကောင်းရှာဆိုတဲ့ တရုတ်စကားပုံကတော့ မြန်မာလိုဆိုရင်
အဖေမှာတဲ့ဆန်တစ်ခွဲသုံးစိတ် နဲ့မလဲ လျှော်နှံ စားထဲ့ စကားပုံနဲ့ အတူတူပဲပါကွယ်...
တစ်စိတ် =လေးပြည်၊ နှစ်စိတ် =တစ်ခွဲ







စိတ်ထား–ဖုံပြင်




သူတော်သားမောင်ညွှန့်..ကျောက်ဂူကြီး အတွင်း၌..မောမောနှင့်ခွေခွေ အိပ်ပျော်သွားလေတော့၏...
ဝါး... အိပ်လို့ ကောင်းလိုက်တာ..
အင်း..ဒီဂူထဲမှာ.. ရောက်နေတာ.. ကြာသွားပြီ ထင်တယ်.. တက်ကြည့် ဦးမှ..


ရေကန်လေးပါ..
မျက်နှာ.. သစ်မယ်...
မျက်နှာသစ်ဖို့ ရေကန်ထဲကို ငုံ့အကြည့်
ဟာ...
ဘာ..ဘာဖြစ်တာလဲ..
ဒီ...
ဒီ..ငါ..ငါ့ရုပ်
ဖြစ်သွား




ဟုတ်.. ဟုတ်ကဲ့..





# သစ္စာမဲ့သူ၏ရလဒ်

သန္တာမြတ်သောင်း



ကလေးတို့ရေ . . .

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ကြီးနဲ့ မောင်ထွေးဆိုတဲ့ ညီအစ်ကိုနှစ်ယောက် ရှိတယ်။ သူတို့ညီအစ်ကိုဟာ မိခင် မုဆိုးမကြီးနဲ့ အတူနေထိုင်ကြသတဲ့။ မောင်ကြီးဟာ အနိုင်ကျင့်ချင်တယ်။ စိတ်ထားကောက်ကျစ်တယ်။ မောင်ငယ်ကတော့ ပြိုင်လာလျှင် အရှုံးပေးဆိုတဲ့အေးချမ်းတဲ့ စိတ်ထားရှိတယ်။ ရိုးသားဖြူစင်တယ်။

တစ်နေ့မှာ မိခင်အိုကြီးသေဆုံးသွားတော့ သူတို့ညီအစ်ကိုပဲ ကျန်ခဲ့တော့တယ်။ မောင်ကြီးက မောင်ထွေးကို “ မင်းနဲ့ငါ ဒီလို တစ်အိမ်တည်းမနေနိုင်ဘူး။ ကင်းကင်းရှင်းရှင်းဖြစ်အောင် အမွေခွဲမှ ဖြစ်မယ် ” လို့

ပြောလိုက်သတဲ့။ မောင်ထွေးက တောင်းပန်တာပေါ့။

" အစ်ကိုကြီးရယ်။ လောကကြီးမှာ ပြေးကြည့်မှ ဒီညီအစ်ကိုနှစ်ယောက်တည်းရှိတာ။ညီထွေးတို့ အတူ တူနေကြပါစို့ "လို့တောင်းပန်တယ်။ဘယ်လိုပဲတောင်း ပန်..တောင်းပန် မောင်ကြီးက လက်မခံဘူး။ " မဖြစ်နိုင် ဘူး။ခုရှုပ်မှနောင်ရှင်း။ မင်းနဲ့ငါ ပြတ်ပြတ်သားသား အမွေခွဲကြစို့ " မောင်ထွေးဟာ ဘယ်လိုမှ ပြောမရတော့ မောင်ကြီးစကားကို လက်ခံလိုက်ရတယ်။

" ကောင်းပါပြီ အစ်ကိုကြီးရယ်။ အစ်ကိုကြီးက အကြီးပါ။ အစ်ကိုကြီးခွဲပေးတဲ့အတိုင်း ညီထွေးနာခံပါ့ မယ် " လို့ ပြောတယ်။ မောင်ကြီးက

" အိမ်ရယ် နွားရယ်တင်းကုတ်ရယ်ရှိတယ်။ ငါက အကြီးဆိုတော့ အိမ်ကိုယူမယ်။ မင်းကနွားတင်းကုပ် ကိုယူ " လို့ ပြောတယ်။ မောင်ထွေးက မငြင်းရှာပါဘူး။ " စောင်တစ်ထည် ရှိတယ်။ စောင်ကို နေ့အခါမှာ မင်းယူ ညအခါမှာ ငါယူ " လို့ ပြောတော့လည်းမောင်ထွေး ကမငြင်းပါဘူး။ " အစ်ကိုကြီး သဘောပါ " လို့ ပြောရှာ တယ်။ " လယ်နှစ်ကေကတော့ တစ်ယောက်တစ်ကေ ပေါ့ " ဆိုပြီးစပါးအထွက်များတဲ့လယ်ကိုသူယူ၊အထွက် နည်းပြီး မြေဩဇာမကောင်းတဲ့ လယ်ကို မောင် ထွေး ကိုပေးတော့လည်း မောင်ထွေးက မငြင်းရှာဘူး။ " အစ်ကိုကြီး သင့်တော်သလို စီစဉ်ပါ " လို့ဘဲ ပြော ရှာတယ်။ မောင်ကြီးက " နွားကတစ်ကောင်တည်း ရှိ တယ်။ထက်ခြမ်း ခြမ်းလို့လည်းမဖြစ်နိုင်ဘူး။ နွားသေ သွားမယ်။ မင်းနဲ့ငါနဲ့ပြိုင်ဆွဲကြတာပေါ့ " လို့ ပြောတယ်။ မောင်ထွေးက " အစ်ကိုကြီးရယ် တစ်ယောက်တစ် လှည့်စီထွန်ကြပါမယ် " လို့ ပြောပေမဲ့ မောင်ကြီးက လက်မခံဘူး။ " မဖြစ်ဘူး။ တိကျတဲ့ ပိုင်ဆိုင်မှုရမှ ဖြစ်မယ် " လို့ ဆိုတယ်တဲ့။ နွားကြီးရဲ့ဦးခေါင်းချိုနှစ်ဖက် က ကိုင်ပြီး မောင်ကြီးက သူ့ဘက်ပါလာအောင်ဆွဲ တယ်။ မောင်ထွေးက နွားရဲ့အမြီးကို ကိုင်ပြီး သူ့ဘက်ပါ အောင် ဆွဲတယ်။ နွားကြီးဟာ ချိုက ဆွဲသူမောင်ကြီး ဘက်ကိုပါသွားခဲ့တာပေါ့။ မောင်ထွေးရဲ့လက်ထဲမှာနွား အမြီးပြတ်လေးတစ်ခုပဲ ကျန်ရစ်ခဲ့တယ်။ နွားမြီးပြတ်ထဲ က နွားသန်းလေးတစ်ကောင်းဟာ တလှုပ်လှုပ်နဲ့ ထွက် လာတော့ မောင်ထွေးက " ဒါအမေ့ အမွေပဲ။ အဖေါ်မရှိ တဲ့ငါ့အတွက် အဖေါ်ဘဲ " ဆိုပြီး သန်းလေးကို ချစ်ခင် ယုယစွာ မွေးထားတယ်။

မောင်ကြီးက မိန်းမတစ်ယောက် ယူလိုက်တယ်။ မောင်ကြီးဟာ အိမ်နဲ့လယ်နဲ့နွားနဲ့ မိန်းမနဲ့ ပျော်ရွှင် အဆင်ပြေနေပေမဲ့ မောင်ထွေးကတော့ နွားတင်းကုပ် ထဲမှာ တစ်ယောက်တည်း နွားသန်းလေးနဲ့နေရတာ ပေါ့။ ညကျတော့လည်း မောင်ကြီးက စောင်ခြုံရပြီး နေ့ ခင်းအချိန်စောင်ရတဲ့ မောင်ထွေးကတော့ ညအချိန်မှာ ခြုံစရာမရှိဘူးပေါ့။

မောင်ထွေးလေးက ချစ်ခင်စွာကျွေးမွေးထားလို့ နွားသန်းလေးကဝဖီးနေတာဘဲ။မောင်ထွေးရဲ့နွားသန်း လေးကို အိမ်နီးချင်းတစ်ဦးရဲ့ကြက်ကြီးက ကောက်စား ပစ်လိုက်တယ်။

မောင်ထွေးဟာ ဝမ်းပမ်းတနည်းငိုတာပေါ့။ " ငါ့ရဲ့ အဖေါ်မွန်လေးသေရှာပြီ " ဆိုပြီး ငိုတာပေါ့။ အိမ်နီးချင်း ကို အလျော်မတောင်းရှာပါဘူး။ မောင်ထွေးရဲ့ ငိုသံကို အိမ်နီးချင်းကြားတော့ သနားပြီးသူ့ရဲ့ကြက်ကိုအလျော် ပေးလိုက်တာပေါ့။

မောင်ထွေးဟာကြက်ကိုသတ်မစားဘဲတယုတယ မွေးမြူထားတယ်။ မောင်ထွေးရဲ့ ကြက်ကိုခွေးကြီး တစ်ကောင်က ကိုက်သတ်ပစ်ပြန်ရော။ မောင်ထွေးက ငိုတာပေါ့။

" ငါရဲ့ အဖေါ်မွန် ကြက်လေးသေသွားပြီ။ လောက ကြီးမှာ ငါတစ်ယောက်တည်း " ဆိုတော့ ခွေးပိုင်ရှင်က သနားလို့ သူ့ရဲ့ ခွေးကို အလျော်အဖြစ်ပေးလိုက်တယ်။ " မောင်ထွေးရယ်။ မငိုပါနဲ့။ မင်းရဲ့ အဖေါ်အဖြစ် ငါ့ခွေး

ကို ခေါ်မွေးပါ ” လို့ ပေးလိုက်တယ်။ မောင်ထွေးက ခွေးလေးကို ချစ်ခင်ယုယစွာ မွေးမြူထားတာပေါ့။

ဒီလိုနဲ့ မိုးရာသီရောက်လို့ လယ်တွေ ထွန်ကုန်ကြပြီ။ မောင်ကြီးကသူပိုင်ဆိုင်တဲ့နွားကြီးနဲ့ လယ်ထွန်လို့ရပေမဲ့ မောင်ထွေးမှာ နွားမှမရှိတာ။ မောင်ထွေးလေးဟာ “ အင်း . . . ငါမှာရှိတဲ့ ခွေးနဲ့ဘဲ လယ်ထွန်ရမှာဘဲ” လို့ တွေးပြီး ခွေးလေးရဲ့ကိုယ်ခန္ဓာမှာ ထွန်တုံးကို ချိတ်ဆွဲပြီး ရှေ့ကနင်တံထိပ်မှာ အမဲရိုးကိုဆွဲတော့ ခွေးလေးဟာ အမဲရိုးနံ့ရတာနဲ့လိုက်ပြီး အမဲရိုးကို ခုန်ဟတ်တာပေါ့။ ဒီလိုနဲ့ လယ်ကွက်တစ်ခုလုံးထွန်တုံးဆွဲပြီးသားဖြစ်သွားတယ်။

ခွေးနဲ့လယ်ထွန်နေတဲ့ မောင်ထွေးကို မြို့ပေါ်ကသူဌေးကြီးမြင်တဲ့အခါ အံ့ဩချီးမွမ်းပြီး ရွှေဒင်္ဂါးပြားဆယ်ပြား ဆုချသွားသတဲ့။ ဒီသတင်းဟာ တစ်ရွာလုံးကို ပျံ့နှံ့သွားတာပေါ့။

မောင်ကြီးကို သူ့မိန်းမက တိုက်တွန်းတယ်။ “ကိုမောင်ကြီး ရှင့်ရဲ့ ညီမှာ လယ်ထွန်တတ်တဲ့ခွေးရှိတယ်လို့ကြားတယ်။ရှင်သွားငှားပါ”လို့ပြောတယ်။မောင်ကြီးဟာ သူ့ရဲ့ညီဆီကို လာတာပေါ့။

“ညီထွေးမင်းရဲ့ခွေးကိုငါ့ကိုခဏငှားစမ်းပါ။ငါလယ်ထွန်ချင်လို့”လို့နိုင်ထက်စီးနင်းပြောတယ်။မောင်ထွေးက ဘယ်ပေးချင်ပါ့မလဲ။

“ အစ်ကိုကြီးရယ်။ အစ်ကိုကြီးမှာ နွားရှိနေသားပဲ။ ကျွန်တော့်ခွေးလေးပင်ပန်းနေပြီ။မယူပါနဲ့”လို့တောင်းပန်တယ်။ ဘယ်လိုပဲ တောင်းပန်၊ တောင်းပန်မောင်ကြီးကနိုင်ထက်စီးနင်းခွေးကိုအတင်းဖမ်းခေါ်သွားတာပေါ့။

မောင်ထွေးက “ ဒါဆို ညနေ နေစောင်းတာနဲ့ ကျွန်တော့် ခွေးကိုလာပြန်ပို့ပါ ” လို့ ပြောလိုက်တယ်။ မောင်ကြီးက “ အေး . . . လာပို့မယ် ” လို့ လွယ်လွယ်ကတိပေးလိုက်တယ်တဲ့။ မောင်ကြီးဟာ မောင်ထွေးဆီက ခေါ်လာတဲ့ ခွေးရဲ့ကိုယ်လုံးမှာထွန်တုံးကို ဆွဲပြီး ခွေးကို လယ်ထွန်ခိုင်းတာပေါ့။

“ ဟဲ့ခွေး။ ဟဲ့ခွေး သွားလေ။ ဟဲ့ သွား ရှူး ရှူး။ ဘယ်လိုပဲမောင်းမောင်း ဘယ်လိုပဲ ရိုက်ရိုက် ခွေးကဘယ်လိုလုပ် လယ်ထွန်မှာတဲ့လဲ။ ခွေးက တဂိန်ဂိန်အော်ပြီး ခွေနေတော့ မောင်ကြီးလည်း စိတ်တိုတိုနဲ့ ခွေးကို ပေါက်တူးနဲ့ ခုတ်သတ်ပြီး အိမ်ပြန်သွားတာပေါ့။ ညနေစောင်းတဲ့အထိမောင်ကြီးကခွေးကိုပြန်မပို့တော့ မောင်ထွေးက မောင်ကြီးရဲ့အိမ်ကိုလိုက်သွားတာပေါ့။

“ အစ်ကိုကြီး ကျွန်တော့်ခွေးလေးပြန်ပေးပါ ” လို့ ပြောလိုက်တော့ မောင်ကြီးက “ မင်းခွေး အပျင်းထူလို့ ငါလယ်ထဲမှာ သတ်ပစ်ခဲ့ပြီ ” လို့ ပြောလိုက်တယ်။ မောင်ထွေးက ငိုတာပေါ့။ မောင်ထွေးဟာ ခွေးသေကိုသွားသယ်ပြီးတော့လယ်ထဲမှာကျင်းတူးပြီးခွေးသေကို မြှုပ်လိုက်တယ်။

နံနက်မိုးလင်းလာတဲ့အခါ မောင်ထွေးလေးနေတဲ့ နွားတင်းကုပ်ရဲ့နံဘေးမှာ အလွန်မြင့်မားတဲ့ အပင်ကြီးတစ်ပင်ပေါက်နေတယ်။ အပင်ကြီးပေါ်မှာ ငှက်ကလေးတစ်ကောင်ကလည်း . . .

“ ရွှေ ငွေ၊ ရွှေ ငွေ ” လို့ အော်မြည်နေသတဲ့။

မောင်ထွေးလေးက အပင်အောက်မှာ တအံ့တဩရပ်ပြီး မော့ကြည့်ရင်း ငှက်ကလေးအော်သလို ရွှေလို့လိုက်ပြောတော့ အပင်ပေါ်က ရွှေဒင်္ဂါးပြားတွေကျလာတယ်။ ငွေလို့လိုက် ပြောတော့ ငွေဂင်္ဂါးပြားတွေကျလာတယ်။ မောင်ထွေးက ဒီအပင်ဟာ လိုတရအပင်ကြီးမှန်းသိသွားတယ်။ မောင်ထွေးဟာ လောဘ မရှိသူမို့ ရွှေငွေလိုသလောက်ပဲတောင်းပြီး မရှိဆင်းရဲသားတွေကို ဝေငှပေးတယ်တဲ့။

ဒီသတင်းဟာ တစ်ရွာလုံးတစ်ဆင့်စကားတစ်ဆင့် နားပြောရင်း မောင်ကြီးတို့လင်မယားရဲ့နားကို ရောက်သွားတယ်။ မောင်ကြီးကို သူ့မိန်းမက တိုက်တွန်းတာ

ပေါ့။

“ ရှင့် ညီရဲ့ လိုတရအပင်ကြီးမှာ တောင်းကြီးကြီး နှစ်လုံးနဲ့ အပြည့် ရွှေတွေငွေတွေ သွားတောင်း ” လို့ ပြောတာပေါ့။ မောင်ကြီးကလည်း မယားခိုင်းတဲ့ အတိုင်း တောင်းနှစ်လုံးကို ထမ်းပိုးနဲ့ထမ်းပြီး မောင်ထွေးဆီလာခဲ့တာပေါ့။

“ ညီထွေးရေ။ အစ်ကိုကြီးကို ရွှေငွေတွေတောင်းချင်လို့ ” ဆိုတော့ မောင်ထွေးက “ အစ်ကိုကြီးရယ် အများကြီး မလိုချင်ပါနဲ့။ အစ်ကိုကြီးချမ်းသာနိုင်တဲ့အတိုင်းအတာညီထွေးပေးပါ့မယ် ” လို့ ပြောတယ်။ မောင်ကြီးက လက်မခံဘူး။

“ မင်းပေးတဲ့ လက်တစ်ဆုပ်စာ ရွှေဒင်္ဂါးပြားကို ငါဘာလုပ်ရမလဲ။ တောင်းနှစ်လုံးစာ အပြည့်ရမှ ဖြစ်မယ် ” ဆိုပြီး အပင်အောက်ကို သွားတယ်။ အပင်ပေါ်ကငှက်ကလေးကလေးက ရွှေဆိုရင် မောင်ကြီးက ရွှေလို့ လိုက်ပြောတယ်။ အပင်ပေါ်က မစင်တွေ တဗွမ်းဗွမ်းပြုတ်ကျလာတာတောင်းတစ်လုံးအပြည့်ပဲ။ ငှက်ကလေးကငွေဆိုလို့မောင်ကြီးကငွေလို့လိုက်ပြောတော့ အပင်ပေါ်က သေးတွေကျလာတာ မောင်ကြီးတစ်ကိုယ်လုံး မစင်တွေကျင်ငယ်ရည်တွေနဲ့ ပေပွန်းစော်နေတာပဲ။

မောင်ကြီးဟာ ရှက်ပြီး မှော်အပင်၊စုန်းအပင်၊ကဝေအပင်ကို ခုတ်ပစ်မယ်ဆိုပြီး မောင်ထွေးရဲ့ အပင်ကို ခုတ်ပစ်တာပေါ့။ မောင်ထွေးပြေးထွက်ကြည့်တဲ့အချိန် မောင်ကြီးလက်ချက်နဲ့ အပင်ဟာလဲနေပြီ။

မောင်ထွေးလည်း မျက်ရည်ကျတာပေါ့။ မောင်ထွေးဟာ အပင်က အကိုင်းအခက်ပင်စည်တွေကို ခုတ်ဖြတ်ပြီးထင်းအဖြစ်သိုလှောင်တယ်။ အဲဒီအပင်က ထင်းကိုင်းအသေးလေးနဲ့ မီးမွှေးတာ မီးဟာ တစ်လလုံး မငြိမ်းဘူး။ မကုန်ဘူးတဲ့။ ဒီတော့ မောင်ထွေးဟာ ထင်းခွေဖို့မလိုဘဲ သုံးမကုန်တဲ့ ထင်းတွေရထားတာပေါ့။ မောင်ထွေးက ရွာသားတွေကိုလည်း ဝေငှပေးလို့ တစ်ရွာလုံး ထင်းခွေစရာမလိုတော့ဘူး။

ဒီသတင်းဟာ မောင်ကြီးတို့ လင်မယားဆီရောက်သွားတော့ မောင်ကြီးကို သူ့မိန်းမက တိုက်တွန်းတယ်။ “ ရှင့်ညီဆီမှာ သုံးမကုန်တဲ့ထင်းတွေရှိနေတာ သွားတောင်း ” လို့ ပြောသတဲ့။ မောင်ကြီးကလည်း မယားခိုင်းတဲ့အတိုင်းလာတာပေါ့။

“ညီထွေး။ငါ့ကိုမင်းရဲ့သုံးမကုန်တဲ့ထင်းပေးစမ်းပါ” လို့ပြောတယ်။ မောင်ထွေးဟာ မငြင်းဝံ့ဘဲ ထင်းလှည်းတစ်စီးစာပေးလိုက်ရတယ်။ မောင်ကြီးတို့လင်မယားဟာ ဝမ်းသာအားရနဲ့ ထမင်းဟင်းချက်ဖို့ ထင်းချောင်းလေးတစ်ချောင်းနဲ့ မီးမွှေးလိုက်တာ မီးတောက်ကြီးဟာ ငြိမ်းလို့မရဘဲ တစ်အိမ်လုံးကို လောင်ကျွမ်းဝါးမျိုပြာကျသွားသတဲ့။

လောဘကြီးတဲ့ အနိုင်ကျင့်တတ်တဲ့ သစ္စာမဲ့တဲ့ မောင်ကြီးရဲ့ ရလဒ်ကတော့ ဆုံးရှုံးခြင်းပဲပေါ့ကွယ်။

သန္တာမြတ်သောင်း



# ပုရွက်ဆိတ်လေးနဲ့ရေသည်ယောက်ျား

လရိပ်မေ(သာပေါင်း)

တစ်ခါက ရွာတစ်ရွာမှာ ရေသည်အလုပ်နဲ့ အသက်မွေးတဲ့ လင်မယား နှစ်ယောက်ရဲ့ နာမည်တွေက ဦးကြီးညိုနဲ့ဒေါ်အေးမြတဲ့။ သူတို့မှာ တစ်ဆယ့်သုံးနှစ်အရွယ် မောင်မြင့်ဆိုတဲ့သားတစ်ယောက်နဲ့ ဆယ်နှစ်အရွယ် မယ်ထွေးလေးဆိုတဲ့ သမီးလေး တစ်ယောက်ရှိတယ်။ ရေသည်အလုပ်နဲ့ မချမ်းသာသော်လည်း သားနဲ့သမီးကို လူ့အောက်မကျရအောင် ကျောင်းထားပေးတယ်။ မိဘစကားနားထောင်ပြီး လိမ္မာတဲ့မထွေးလေးကတော့ ကျောင်းနေပြီးအတန်းတိုင်းမှာပထမပဲ။မိဘစကားနားမထောင်တဲ့ အကြီးကောင်မောင်မြင့်ကတော့ ကျောင်းကနေထွက်ပြီး အလုပ်မလုပ်ပဲ ရွာရိုးလျှောက်ကြက်တိုက်နေခဲ့တယ်။

ဦးညိုနဲ့ဒေါ်အေးဟာ ရွာရဲ့အနောက်ဘက် လယ်ကွင်းတွေကိုကျော်ပြီး စိမ့်စမ်းအိုင်ကြီးထဲက ရေတွေကို ခပ်ပြီး အသေအချာစစ်ကာ ရွာထဲမှာ သောက်သုံးရေ ရောင်းကြတယ်။ အင်မတန်မှ ရေရှားပါးတဲ့အရပ်မှာ ရေတွေကို စေတနာမေတ္တာနဲ့ ပို့ပေးတဲ့အတွက် တစ်ရွာလုံးကလည်း ကျေးဇူးတင်ပြီး ရေကိုဝယ်သုံးကြတာပေါ့။ ရိုးသားတဲ့ ဦးကြီးညိုတို့ လင်မယားဟာ ညားပြီးတဲ့အချိန်ကစလို့ ရေတစ်ပုံး ငါးကျပ်နဲ့ခပ်လာခဲ့တာ အခုအချိန်ထိပဲပေါ့။ ရေခပ်ပို့တဲ့အခါမှာလည်း “ ဤရေကို သောက်သောသူသည် ရေအေးချမ်းသကဲ့သို့ စိတ်ရောကိုယ်ပါ အေးချမ်းသာယာပါစေ ” လို့ အမြဲတမ်း မေတ္တာပို့ပေးသတဲ့။ အဲ့ဒီ မေတ္တာကြောင့် ရွာသူရွာသားတွေဟာလည်း စိတ်အေးချမ်းသာယာကြသလို ဦးကြီးညိုတို့ဘဝလေးဟာလည်း အေးချမ်းသာယာခဲ့တာပေါ့။

ရိုးသားလွန်းတဲ့ဦးကြီးညိုနဲ့ဒေါ်အေးမြတို့ဘဝလေးဟာ အေးချမ်းလှပေမယ့်လည်း အသက်ကကြီးလာတော့ အလုပ်ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်မရှိချင်တော့ဘူး။ အဲ့ဒါကြောင့်လည်း ကျောင်းမနေတဲ့သားကြီးကို ရေသည်အလုပ် ကူလုပ်ဖို့ ပြောခဲ့တယ်။ မိဘတွေက ပြောပေမဲ့ မောင်မြင့်က ကူညီမလုပ်တဲ့အပြင် “တော်စမ်းပါဗျာ ဘာလို့ရေသည်ရမှာလဲ။ နေပူကျဲကျဲထဲမှာ နဖူးကချွေး ခြေမကျရအောင်လုပ်ပြီး လူတကာကိုအသက်ဆက်နေရတာ အေးချမ်းတဲ့ဘဝလား။ ကျွန်တော် ကြက်တိုက်တာ တစ်ခါနိုင်ရင် အဖေတို့ရေ ဆယ်ခေါက် ထမ်းတာထက် ပိုမြတ်တယ် ” လို့ တောင်စော်ကားတဲ့ စကားတွေပြောခဲ့တယ်။ အဲ့ဒါကြောင့် မိဘတွေကလည်း ချစ်စိတ်နဲ့ ဘာမျှမပြောဘဲ နှုတ်ဆိတ်နေလိုက်တော့တယ်။ မိခင်ကြီး ဒေါ်အေးမြကတော့ “ အမေ တို့နဲ့ရေကူမထမ်းရင်နေပါ သားလေးရယ်။ ကြက်မတိုက်ပါနဲ့နော်၊ တော်ကြာ အမေတို့သားလေး လောင်းကစားဘက် စိတ်ပါသွားလိမ့်မယ် ”လို့ မကြာခဏပြောနေရှာတယ်။ ဒါပေမဲ့ မိဘရဲ့စကားကို မောင်မြင့်နားမဝင်ခဲ့ပါဘူး။

တစ်နေ့မှာတော့ဦးကြီးညိုနဲ့ဒေါ်အေးမြတို့ရေထမ်းပြီးအပြန်မှာဦးကြီးညိုဟာနေပူဒဏ်ရောပင်ပန်းမှုဒဏ်ရောကြောင့် အမောဆို့ပြီးလဲသွားတော့တယ်။ နောက်က ဇနီးဒေါ်အေးမြက ပြေးထိန်းလိုက်ပေမဲ့ မမီတော့ပဲ ဦးကြီးညိုမှာမြေပြင်ပေါ်လဲသွားတာနဲ့ အသက်ဆုံးသွားခဲ့တယ်။ ဒေါ်အေးမြရဲ့ အော်ငိုသံကြောင့် အနီးလယ်ကွင်းထဲက လူတွေပြေးလာပြီး ဒေါ်အေးမြအဖြစ်ကို ကူညီပေးကြတာပေါ့။ဒေါ်အေးမြမှာရင်မှာအပူမီးတိုက်အရှူးတစ်ပိုင်းဖြစ်နေသလို မထွေးလေးမှာလည်း ဖခင်ကြီးကို နမြောတသနဲ့ အသည်းအသန်ငိုကြွေးနေ တာပေါ့။ ဦးကြီးညိုဆုံးတဲ့အချိန်၊ မောင်မြင့်ကတော့ ရွာထိပ်မှာ ကြက်တိုက်ကောင်းနေဆဲပဲ။ ဖခင်တစ်ယောက်လုံး ဆုံးပါးသွားတာတောင် တစ်ချက်သာငိုင်သွားပြီး ကြက်သာဆက်တိုက်နေခဲ့တယ်။ ဒီလိုနဲ့ ဦးကြီးညိုရဲ့အသုဘကိစ္စပြီးတဲ့အထိ မောင်မြင့်ဟာ အိမ်ပြန်မလာတော့ဘူး။

အဲဒီနောက်ပိုင်းမှာဒေါ်အေးမြလည်း ခင်းပွန်း

ဆုံးတဲ့စိတ် သားမတွေ့ရတဲ့စိတ်နဲ့ အိပ်ယာထဲလဲတော့တာပဲ။ မထွေးလေးဟာကျောင်းကတစ်ဖက်၊ မကျန်းမာတဲ့ မိခင်ကြီးကတစ်ဖက်နဲ့ မအားလပ်ခဲ့ဘူး။ ဒီကြားထဲ အစ်ကို ကိုလည်းရှာနေရသေးတယ်။ အစ်ကို့ကိုရှာမတွေ့တဲ့အဆုံးမှာတော့ မထွေးလေးဟာမိခင်ကျန်းမာဖို့သာအဓိကဆိုတဲ့ စိတ်နဲ့ကျောင်းမှအပြီးပိုင်ထွက်ပြီး မိခင်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်နေခဲ့တယ်။ ဖခင်ကြီးမရှိတဲ့နောက်ပိုင်းမှာပျက်စီးသွားတဲ့အေးချမ်းမှုတွေကို မထွေးလေးက ပြန်ရှာဖွေပေးခဲ့တယ်။ နံနက်စောစောထ ချက်ပြုတ်ပြီးတာနဲ့ မိဘအမွေခံအလုပ်လေးဖြစ်တဲ့ ရေသည်အလုပ်ကိုလုပ်ခဲ့တယ်။ တတ်နိုင်သလောက်လေးဆိုပေမယ့်လည်း ရွာသားတွေဟာ မထွေးလေးကို ကူညီစောင့်ရှောက်ခဲ့တယ်။ မထွေးလေးကလည်း ရေသည်ရောင်းရင်းနဲ့ အားတဲ့အခါမှာ ခြံဝန်းလေးထဲမှာဟင်းသီးဟင်းရွက်လေးတွေစိုက်ပျိုးပြီးအပိုဝင်ငွေရှာဖွေခဲ့တယ်။ တဖြည်းဖြည်းနဲ့ အဆင်ပြေမှုလေးတွေများပြီး မထွေးလေးတို့ သားအမိတွေ အေးချမ်းသာယာလာကြတာပေါ့။

မိခင်ကြီး ဒေါ်အေးမြကတော့ သမီးအလိမ္မာလေးကို သိပ်ချစ်သလိုပဲ သားလူဆိုးပြန်လာမယ့် အချိန်ကိုလည်း တမ်းတမျှော်လင့်နေရှာတယ်။ အဲ့ဒီအချိန်တွေမှာ မောင်မြင့်ကတော့ ရွာတွေမှာ လိုက်ပြီးကြက်တိုက်လိုက် မူးလိုက်နဲ့ လူဆိုးစာရင်းဝင်ခဲ့တယ်။ ကြက်ပွဲကနိုင်တဲ့အခါ ရတဲ့ ပိုက်ဆံနဲ့ထန်းရည်စုသောက်လိုက် လမ်းဘေးအိပ်ပြီး ဆာတဲ့အခါ သူများအိမ်တက်ပြီး ခိုးစားလိုက်နဲ့ နေတော့တယ်။ အိမ်ကိုမပြန်တဲ့အပြင် မိခင်နဲ့ညီမလေးကိုတောင် မေ့လျော့နေပါတော့တယ်။ မိခင်ကြီးနဲ့ မထွေးလေးကတော့ မောင်မြင့်အကြောင်း ဘာမှမကြားရတော့ သူခိုးတစ်ယောက်ဖြစ်နေပြီဆိုတာ မသိဘူးပေါ့။ မောင်မြင့်ဟာ လောင်းကစားနဲ့ပဲ အချိန်တွေကုန်စေခဲ့တယ်။

တစ်ညမှာတော့မောင်မြင့်တို့အုပ်စုထန်းရည်မူးပြီး ထုံးစံအတိုင်း လျှောက်သွားကြတယ်။ အနည်းငယ်ညဥ့်နက်လာတော့လည်း လမ်းဘေးခြုံထဲ ဝင်တိုးကြတော့တာပဲ။ သူများတွေအိပ်မောကျချိန်မှာ မောင်မြင့်ဗိုက်ဆာလာတယ်။ အဲ့ဒီတော့မှ နေ့လည်ထဲက သူဘာမှ မစားရသေးတာ သတိရပြီး ဗိုက်ဆာမှန်း ပိုသိတော့တယ်။ ထုံးစံအတိုင်းပဲ ခိုးစားဖို့အိမ်ရှာရပြီပေါ့။ အဲဒီအခါမှာ ခပ်လှမ်းလှမ်းလေးမှာ မီးမှိန်မှိန်လေးလင်းနေတဲ့ခပ်ကုတ်ကုတ်အိမ်လေးကိုတွေ့တယ်။ ဗိုက်ဆာတာနဲ့ ခြေလှမ်းသွက်သွက်နဲ့ လျှောက်လာရင်း ခြံထဲလှမ်းအဝင်မှာအိမ်စောင့်ခွေးကတစ်ချက်ဟောင်လိုက်တာကြောင့် မောင်မြင့်ရဲ့ခြေလှမ်းတွေ တန့်သွားခဲ့တယ်။ ရှေ့ဆက်ခွေးကလည်းမဟောင်တော့တာမို့အိမ်နောက်ဖေးကို ပြေးကပ်ပြီး တံခါးပေါက်လေးအသာတွန်းဖွင့်ကာ အိမ်ထဲဝင်လာခဲ့တယ်။ တိတ်ဆိတ်လွန်းတဲ့ ဝန်းကျင်ကြောင့် အပ်ကျသံလေးက အစ ကြားနိုင်တာမို့ မောင်မြင့်သတိထားနေရတယ်။ မီးရောင်ရှိပေမဲ့ မှုန်မှုန်လေးမို့အိမ်ထဲကလူကိုမမြင်ရသလိုသူ့ကိုလည်း မမြင်ရဘူးဆိုတာ မောင်မြင့်သိနေ တယ်။ အဲ့ဒါကြောင့် ထမင်းစားချင်စိတ်နဲ့ အိုးကိုလှမ်းဖွင့်တဲ့အချိန် မမီမကမ်းလက်နဲ့မို့ စင်ပေါ်က အိုးပြုတ်ကျသွားပြီး “ ဂလွမ်း ”ဆိုတဲ့ အသံမြည်းသွားတော့တယ်။

မောင်မြင့်လည်း စိုးရိမ်တကြီးနဲ့ အိမ်ကြီးရဲ့တံခါးနောက် ပြေးကပ်နေခဲ့တယ်။ အိမ်ရှင် အခြေအနေကြည့်ရတော့မှာပေါ့။ မောင်မြင့်တံခါးနောက်ကပ်နေတဲ့ အချိန်မှာ ဘေးတန်းကိုကြည့်ရင်း တွေဝေသွားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ တန်းလေးပေါ်မှာ ပုရွက်ဆိတ်လေးတစ်ကောင်ဟာ ထမင်းလုံးလေး တစ်လုံးကို သူ့အဖွဲ့အဆီ သယ်ဖို့ကြိုးစားနေတာ မြင်ရလို့ပဲ။ ပုရွက်ဆိတ်လေးဟာ မနိုင်တဲ့ထမင်းလုံးကို အကြိမ်ပေါင်းများစွာ ဖွဲကောင်ကောင်းနဲ့ ကြိုးစားပြီး မ တင်နေ

တယ်။ နောက်ဆုံးမှာတော့ တင်နိုင်သွားခဲ့တယ်။ အဲ့ဒီ နောက်မှာ ထမင်းလုံးသယ်လာတဲ့ ပုရွတ်ဆိတ်လေးကို သူ့အုံက ပုရွက်ဆိတ်လေးတွေက လာကူနေတာ ကိုမောင်မြင့်တွေ့လိုက်ရတယ်။ မောင်မြင့်အတွေးထဲ မှာလည်း “တိရစ္ဆာန်ဖြစ်တဲ့ ပုရွက်ဆိတ်လေးတောင် အားမတန်ပေမယ့် မာန်မလျှော့ပဲ အများအတွက် ဖွဲ့ ကောင်းစွာကြိုးစားပေးခဲ့တယ်။ တာဝန်ကျေပွန်စေခဲ့ တယ်။ လူသားစစ်စစ်ဖြစ်ပြီး ယောကျာ်းတစ်ယောက် ဖြစ်တဲ့ငါကတော့ အမေနဲ့ညီမကို ထားခဲ့ပြီးသိက္ခာ မဲ့တဲ့ ဒုစရိုက်အလုပ်တွေနဲ့ ခိုးဝှက်စားသောက်နေခဲ့ တယ်။ ငါက ပုရွက်ဆိတ်လေးလောက်တောင် တန်ဖိုး မရှိတဲ့ လူပါလား။ ငါဟာ သိပ်ရှက်စရာကောင်းတဲ့လူပဲ။ တော်ပြီ ဒီအချိန်ကစလို့ ငါဒုစရိုက်အလုပ်တွေ စွန့်ပစ် တော့မယ်။ ပုရွက်ဆိတ်လေးကိုပဲ အတုယူပြီး အမေနဲ့ ညီမလေးကို ရိုးသားစွာရှာဖွေကျွေးမွေးစောင့်ရှောက် တော့မယ် ” လို့ တွေးပြီးတော့ အမှောင်ထဲမှာ မျက်ရည် တွေကျနေတာပေါ့။

အဲ့ဒီအချိန်မှာ အိမ်မကြီးထဲက ကြေးစည်သံနဲ့အတူ “ သာဓု . . . သာဓု . . . သာဓု . . . ဤကောင်းမှုကြောင့် သားကြီးမောင်မြင့်သည် ဘေးမသီရန်မခပဲ အေးချမ်း စွာပြန်လာသည့်နေ့ကို မြင်တွေ့ရပါလို၏ ဘုရား ”တဲ့။ ဟာ . . .မောင်မြင့်နားကြောထဲ စိမ့်ဝင်သွားခဲ့ပြီ။ ဒါဟာ ငါ့အမေရဲ့ မေတ္တာသံပေါ့။ ငါရောက်နေတာ အမေ့အိမ် ပဲလား။ ဦးခေါင်းထဲ ပူထူပြီး အိမ်ထဲဝင်ကြည့်လိုက် တော့ “ အမေနဲ့ညီမလေး ” ပါလား။ နောက်ပြန်လှည့် တဲ့မထွေးလေးက မောင်မြင့်ကိုမြင်ပြီး “ အမေ ဟိုမှာ ကိုကြီးရောက်နေပြီ ” အော်ပြောတော့တာပဲ။ အဲဒီအခါ မှာမောင်မြင့်က “ အမေ၊ညီမလေး ”လို့ခေါ်လိုက်တယ်။ ဒေါ်အေးမြကတော့ ဝမ်းသာပီတိလုံးတွေဆို့နေတဲ့ အံ့– ဩလောက်အောင်ပြောခဲ့တာက “ အမေသိတာပေါ့ သားရယ်။ အမေ့မေတ္တာကြောင့် သားပြန်လာမယ်ဆို တာဆိုတာ အမေသိပ်သိတာပေါ့။ အဲဒါကြောင့်လည်း မိန်းမသားတွေချည်းနေပေမယ့် အမေ့အိမ်ဟာ သား အတွက် နေ့ညမခြားပဲ တံခါးဖွင့်ထားခဲ့တာပေါ့။ အိမ် ကိုထမင်းလာစားတဲ့ သူရှိရင်တောင် ငါ့သားကြီးလဲ ဒီလိုစားရပါစေလို့ အမေမေတ္တာပို့နေတာပါသားရယ် ” တဲ့။ အဲဒီတော့မှ မောင်မြင့်ဟာ မိဘမေတ္တာကျေးဇူးကို သိပြီး ချက်ခြင်းရှိခိုးတော့တာပဲ။

နောက်နေ့မနက်မိုးလင်းချိန်ကစပြီး မောင်မြင့်ဟာ မထွေးလေးကို အမေကြီးနဲ့အတူအိမ်မှာနေ၊ ချက်ပြုတ် ခိုင်းပြီးသူကတော့ သူ့အဖေဦးကြီးညိုထမ်းခဲ့တဲ့ထမ်းပိုး တွေနဲ့ ရေသည်အလုပ်နဲ့ အလုပ်စတော့တာ ပဲ။ တစ်ခါ တစ်ရံဟာ ပုရွက်ဆိတ်လေးကို သတိရပြီး အတုယူကာ အလုပ်ကိုပိုကြိုးစားခဲ့တယ်။ ဒီလိုနဲ့ပဲ မောင်မြင့်တို့ မိသားစုဟာ တိုးတက်သာယာတဲ့မိသားစု ဘဝကို ရရှိ သွားသတဲ့ကွယ်။

( ကလေးတို့ရေ . . . ပုံပြင်လေးကတော့ ဒါပါပဲ ကွယ်။ ကလေးတို့လည်း မိဘစကားကို နားထောင်ပြီး ပညာသင်ချိန်မှာ ပညာသင်ကြရမယ်။ ပညာသင်ခွင့် မရခဲ့ရင်တောင် ပုံပြင်ထဲက မထွေးလေးလို မိဘစကား နားထောင်ပြီး လိမ္မာအောင် နေသလို မောင်မြင့်လို အမှန်အမှား ခွဲခြားသိတတ်ရင်း ပုရွက်ဆိတ်လေးကို အတုယူကာ ကလေးတို့ မိသားစုဘဝတွေ တည်ငြိမ် အေးချမ်းတိုးတက်လာအောင် ကြိုးစားကြရမယ်နော်။ ကလေးတို့ အမြဲထာဝရ ကျန်းမာပျော်ရွှင်ပါစေ . . . )

လရိပ်မေ(သာပေါင်း)

# တောင်ပြုံးမင်းညီနောင်

ခွန်းချိုသံသာ



ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ လောက်ကပေါ့။ မြန်မာနိုင်ငံ အလယ်ပိုင်းမှာ အရိမဒ္ဒနပူရလို့ခေါ်တဲ့ ပုဂံမင်းနေပြည်တော်ကြီး ထွန်းကားခဲ့ဖူးတယ်။ ဘုရင်ကတော့ မြန်မာ့ သမိုင်းမှာ ကျော်ကြားလှတဲ့ အနော်ရထာမင်းကြီး အုပ်စိုးနေခြင်းဖြစ်သတဲ့။ ဟိုး မြန်မာပြည်တောင်ပိုင်းမွန်တို့ဒေသ ရာမညတိုင်းမှာဖြင့် သုဝဏ္ဏဘုမ္မိကို သထုံပြည်လို့ ခေါ်နေကြတာဟာ ယနေ့အထိပါပဲ။ တိုင်းခြားပြည်ခြားက ရေလမ်းခရီးနဲ့ ကုန်စည်ရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်လှေတွေဟာ သထုံဆိပ်ကမ်းမှာ ဝင်လိုဝင်ထွက်လိုထွက်နဲ့ အလွန်ပဲစည်ပင်ထွန်းကားလှပါသတဲ့။

တစ်နေ့မှာတော့ သထုံဆိပ်ကမ်းကို ထူးခြားလှတဲ့ လှေတစ်စင်းဆိုက်ကပ်လာတယ်။ လှေက ကုန်သည်လှေမဟုတ်ဘူး။ အာရပ်တိုင်းပြည်တစ်ခုကနေ ရေကြည်ရာ မြက်နုရာရှာပြီး ကြီးပွားအောင်ကြိုးစားကြဖို့ ထွက်လာကြတဲ့ လူစွန့်စားတစ်စုရဲ့ လှေတဲ့လေ။ ကြမ်းကြမ်းတမ်းတမ်းကျားကျားလျားလျား တိုက်ရေး ခိုက်ရေး စွမ်းတဲ့ လူတွေချည်းပါလာသတဲ့။ သူတို့ကို အုပ်ချုပ်လာတဲ့ အကြီးအကဲခေါင်းဆောင်ကတော့ ဗျတ်ဝိနဲ့ဗျတ္တလို့ သထုံသားတွေက ခေါ်ကြတဲ့ ညီနောင်နှစ်ဦးပါပဲ။ အဲဒီလှေသူကြီး အာရပ်ညီနောင်ဟာ အရပ်ကြီးတွေက ခုနစ်ပေလောက်အထိ ရှည်ပြီး ခန္ဓာကိုယ်အလုံးအထည်ကလည်း ကြံ့ခိုင်တောင့်တင်း လိုက်တာတဲ့။ အားကောင်းသန်မာလိုက်ပုံများ ကျားနဲ့တောင် နပမ်းကိုင်ပြီး အသေသတ်နိုင်တယ် လို့ဆိုတယ်ကိုး။ အဲ . . သူတို့လှေသားတပည့် လက်သားများကလည်း သူတို့နီးပါး မရိုးမစွဲကြီးမားသန်မာ ရဲစွမ်းဖျတ်လတ်ကြသတဲ့။ အဲဒါနဲ့ပဲ သူတို့အကြောင်းကို သထုံဘုရင် မနုဟာမင်းကြီး က ကြားတော့ သူတို့ အားလုံးကို ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့မှာ စစ်သည်သူရဲတွေအဖြစ် အမှုထမ်းစေသတဲ့။ ရဲစွမ်းသတ္တိအလိုက် အရည်အချင်းအလိုက် ရာထူးတွေ ဘာတွေပေးပြီး ချီးမြှင့် မြှောက်စားထားသတဲ့။ ဗျတ်ဝိနဲ့ ဗျတ္တအာရပ်လှေသူကြီးညီနောင်ဟာ သထုံဘုရင် မနုဟာမင်းကြီးရဲ့ဘယ်လယ်ရုံး ညာလက်ရုံး စစ်သူကြီးတွေ ဖြစ်လာကြတော့တာပေါ့။

သထုံနဲ့ ပုဂံဟာ နဂိုရင်းက ရောဝတီမြစ်ကြောင်းအတိုင်းစုန်ဆန်ကူးလူးပြီး နှစ်ပြည့်တစ်ပြည် ချစ်ကြည်ခဲ့ကြတဲ့ နိုင်ငံတွေပါပဲ။ ဒါပေမဲ့ ဗုဒ္ဓသာသနာ ထွန်းကားတဲ့ သထုံပြည်က ရှင်အရဟံ ရဟန်းသူမြတ်ဟာ ပုဂံမှာ ဗုဒ္ဓသာသနာကို မျိုးစေ့ချ ရှင်သန်စေခဲ့ပြီးတဲ့နောက် သာသနာတော်ကို ဒီ့ထက်ပိုပွင့်လင်းစေဖို့အတွက် ဗုဒ္ဓအဆုံးအမတွေကို ရေးသားပူဇော်ထားတဲ့ ပိဋကတ်သုံးပုံကို အလှူခံတဲ့အခါ သထုံဘုရင် မနုဟာမင်းက ငြင်းဆန်ခဲ့လို့ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးဟာ စစ်သည်အင်အားအလုံးအရင်းနဲ့ သထုံကို စစ်ချီခဲ့တယ်။ ရေကြောင်းရော၊ ကြည်းကြောင်းရော အဖက်ဖက်က ပိတ်ဆို့ ချီတက်ခဲ့တာတဲ့။ စစ်သည်သူရဲ ငါးသိန်းကျော် ဆင်တပ်ချည်းငါးသောင်းကျော်၊ မြင်းတပ်က တစ်သိန်းနီးပါးရှိတဲ့ ရောမတပ်မတော်ကြီးပေါ့။ ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငထွေးရူး၊ ငလုံးလက်ဖယ် စတဲ့ပုဂံဘုရင်ရဲ့အားအကိုးရဆုံး စစ်သူကြီးတွေလည်း စုံစုံလင်လင်ပါလာခဲ့ကြသတဲ့။

ပုဂံစစ်သည်တွေနဲ့သထုံစစ်သည်တွေတိုက်ခိုက်ခဲ့တဲ့အဲဒီတိုက်ပွဲကြီးဟာဖြင့် အဲဒီခေတ်သမိုင်းမှာ တကယ့် အကြီးအကျယ်ဆုံး စစ်ပွဲကြီးတစ်ခုပါပဲ။ စစ်ပွဲမှာ သထုံထပ်တွေရှုံးတယ်။ စစ်သူကြီး ဗျတ်ဝိလည်းတိုက်ပွဲမှာကျတယ်။ သထုံဘုရင် မနုဟာလည်း အနော်ရထာမင်းကြီးရဲ့ သုံ့ပန်းအဖြစ် ပုဂံကိုဖမ်းဆီးခေါ်ဆောင်ခြင်းခံရလေရဲ့။ စစ်သူကြီးဗျတ္တလည်း အတူတူပါပဲ။ ပုဂံကို သုံ့ပန်း အဖြစ်ပါလာခဲ့ရှာသတဲ့။ အနော်ရထာမင်းကြီးဟာတိုင်းပြုပြည်ပြုသာသနာပြုမင်းမြတ်တစ်ပါးဖြစ်တဲ့ အတွက် မနုဟာဘုရင်ကိုလည်း မိဖုရား၊ သားတော်၊ သမီးတော်၊ အခြွေအရံ အစုံအလင်နဲ့တကွ စောင့်ရှောက်ထားသလို စစ်သုံ့ပန်း ဗျတ္တကို လည်းပုဂံမင်းရဲ့ တပ်တော်မှာ ပြန်လည်ခန့်ထားပေးခဲ့ပါရဲ့။ အဲ . . . ခတ်တာက၊ ဗျတ္တဟာ စစ်ကိုမုန်းသွား တာပါပဲ။ အဲဒါကြောင့်

စစ်သည်သူ့ရဲအဖြစ် စစ်မှုမထမ်းတော့ပါဘူး။

အဲဒီအစား သူ့ဘာသာတောင်းခံခဲ့တဲ့အလုပ်က ပုဂံရွှေနန်းတော်ကြီးရဲ့ နန်းဦးဆုတောင်းပြည့်ဘုရား ရုပ်ပွားတော်မြတ်ကြီးမှာ အနော်ရထာမင်းကြီး ဆက်ကပ်လှူဒါန်းနိုင်ဖို့ ပန်းတော်ဆက်တဲ့ အလုပ်ပါတဲ့။ အဲဒီအလုပ်က သူနဲ့လည်းလိုက်ဖက်တယ်။ ဘာလို့ဆို ဗျတ္တဟာတကယ်အပြေးမြန်၊ အပြေးသန်လှတဲ့ လူထူးတစ်ယောက်မို့ပဲ။ သူဟာ ပုဂံနေပြည်တော်နဲ့ မိုင်သုံးဆယ်သာသာဝေးတဲ့ ပုပ္ပါးတောင်တော်က စကားဝါပန်းတွေကိုခူးပြီး နေ့တွင်းချင်းပြန်လာဆက်ရတာလေ။ အသွားအပြန် မိုင် ခုနစ်ဆယ်လောက်ကို အမြန်ဆုံးပြေးသွားရတာမို့ ကျန်တဲ့သူတွေ ဘယ်သူမှ မစွမ်းဆောင်နိုင်တဲ့ စွမ်းရည်မျိုးကိုး။ ပြီးတော့ နေ့တိုင်းနေ့တိုင်း မပျက်မကွက်လုပ်ရတဲ့ အလုပ်မို့ သာမန်လူတွေ စဉ်းတောင်စဉ်းစားရဲမှာမဟုတ်ဘူး။

ဗျတ္တကတော့ သူရွေးချယ်ထားတဲ့ ပန်းတော်ဆက်အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ တလေးတစားလုပ်သတဲ့။ နေ့စဉ်နဲ့ အမျှမပျက်မကွက်လုပ်ခဲ့တာတဲ့လေ။ လူစွမ်းကောင်း ဗျတ္တဟာ ပုပ္ပါးတောင်တော်မှာ ဘီလူးမတမျှအရုပ်ဆိုး အကျည်းတန်လှတဲ့မယ်ဝဏ္ဏဆိုတဲ့ မိန်းကလေးတစ် ဦးနဲ့ မေတ္တာမျှခဲ့ကြတယ်။ မိန်းကလေးဟာ အရုပ်ဆိုး သလောက်အသံလေးက သာယာလိုက်တာတဲ့။ အသားအရည်ကလည်း ဝင်းအိပြီး နူညံ့လွန်းလှပါသတဲ့။ အဲဒါကြောင့် ရွှေအဆင်းလို့ အမိပွါးယ်ရတဲ့ မယ်ဝဏ္ဏလို့ မှည့်ပေးထားတာတဲ့။ စိတ်နေစိတ်နေထားကလည်း ဗုဒ္ဓသာသနာကိုလည်း သက်ဝင်ယုံကြည်သတဲ့လေ။ အမှန်တော့ အရုပ်ဆိုးအကျည်းတန်လှတဲ့ပန်းသည်မလေးတစ်ဦးပါပဲ။ ဗျတ္တနဲ့ မကျည်းတန်ကလေးမယ်ဝဏ္ဏတို့ဟာတိတ်တဆိတ်ပေါင်းသင်း နေထိုင်ကြရင်းသားကလေးနှစ်ယောက်မွေးလာခဲ့ကြတယ်။ အမွှာညီနောင်တဲ့။ အဲဒီတော့ သားကျွေးမှုမယားကျွေးမှုအတွက်တစ်ဖက်တလမ်းက အလုပ်လုပ်ရသတဲ့။ အဲဒါကြောင့် သူ့ရဲ့မူလတာဝန်ဖြစ်တဲ့ ပန်းတော်ဆက် အလုပ်မှာ အချိန်မမှန်တာတွေ နောက်ကျတာတွေဖြစ်လာတော့တာပေါ့။

လူတွေဆိုတာ ခတ်သားကလား။ သထုံသား ဗျတ္တကိုနော်ရထာမင်းကြီးက အရေးပေး ဆက်ဆံနေတာ၊ ပန်းတော်ဆက် ရာထူးပေးထားတာ၊ နန်းတော်ထဲကို နေ့စဉ်ဝင်ထွက်ခစားခွင့်ရနေတာကို မနာလိုမရှုစိမ့်တဲ့ မကျေနပ်တဲ့ ပုဂံနန်းတွင်းသားတွေဟာ အများကြီးပဲတဲ့။ အထူးသဖြင့်ကတော့ သူတို့မစွမ်းနိုင်တဲ့ပုဂံနဲ့ပုပ္ပါးနေ့ချင်းရောက်အောင်ပြေးနိုင်တဲ့ အစွမ်းသတ္တိကို မြင်ပြင်းကတ်ကြတာလေ။ အဲဒီတော့ အခွင့်ကြုံသခိုက် အနော်ရထာမင်းကြီးကို ဂုံးတိုက်ကြသတဲ့။ “ အရှင်မင်းကြီး ဗျတ္တဟာသူ့ရဲ့အရှင်သခင်ဖြစ်တဲ့ မနုဟာမင်းအတွက်လူသူစုဆောင်းပြီးပုဂံပြည်ကိုထောင်ထားခြားနားဖို့ စီစဉ်နေပါတယ်ဖုရား။ ဂရုထားတော်မူပါ ” တဲ့။

တိုက်တိုက်ဆိုင်ဆိုင်ပုဂံပြည့်ရှင်အနော်ရထာနဲ့ သထုံနန်းကျဘုရင်မနုဟာတို့ဟာ “ မနုဟာဂူဘုရား ” တည်တဲ့ဗိသုကာ ပုံစံအတွက် စိတ်သဘောကွဲလွဲပြီး မနုဟာမင်းအပေါ် အယုံအကြည်ကင်းမဲ့စိတ်ကွက်နေတဲ့အခိုက်လည်းဖြစ် ဗျတ္တကလည်း ပန်းတော်ဆက်ဖို့ ပျက်ကွက်တဲ့ရက်တွေကများနေ အဲသလိုနောက်ကျရတဲ့အကြောင်းကိုလည်း တိကျသေချာတဲ့ အဖြေမပေးနိုင်ဆိုပြန်တော့ မနုဟာမင်းအပေါ် ငြိုးထားတဲ့အမျက်ဒေါသတွေဟာ ဗျတ္တအပေါ် ပေါက်ကွဲတော့တာပဲ။ “ပန်းဆက်သမားဗျတ္တကိုပန်းတော်ဆက်ပျက်ကွက်တဲ့အပြစ်ဒဏ်အတွက် သတ်စေ ” ပေါ့။

သို့ပေမဲ့ ဘုရင်မနုဟာမင်းဟာတကယ်ကိုမင်းစိတ်မင်းမာန်တွေ မရှိတော့ဘဲ သံသရာအတွက် တရားဓမ္မကျင့်ကြံအားထုတ်ဖို့ကိုပဲ စိတ်အားထက်သန်နေကြောင်း သိလိုက်ရတဲ့ အချိန်မှာ နော်ရထာမင်းကြီးဟာ သူ့အလွန် သံယောဇဉ်ရှိတဲ့ လူစွမ်းကောင်းဗျတ္တ ကို သတ်မိတာမှားလေခြင်း ဆိုတာကို သဘောပေါက်လာသတဲ့။ သိပ်ပြီးတော့လည်း စိတ်မကောင်းဖြစ်မိတယ်။ အဲဒါကြောင့်ဗျတ္တရဲ့မယားမယ်ဝဏ္ဏဆီကဗျတ္တရဲ့

အမြွှာညီနောင်သားနှစ်ယောက်ကိုတောင်းယူပြီးအမွေခံမြေးများအဖြစ် မွေးစားလိုက်သတဲ့။ အကြီးကလေးကို ရွှေဖျဉ်းကြီး အငယ်ကောင်ကို ရွှေဖျဉ်းငယ်လို့ နာမည်ပေးခဲ့သတဲ့။ ကလေးတွေက လူကောင်ကြီးမားလွန်းလို့ ရေချိုးပေးတဲ့အခါ အညာခေါ် ဖျဉ်းအိုး လို့ခေါ်တဲ့ မြေအိုးကြီးတွေထဲမှာ ထည့်ထည့်ပြီး ရေချိုးပေးရလို့တဲ့။

ရွှေဖျဉ်းကြီးနဲ့ ရွှေဖျဉ်းငယ်တို့ဟာလည်း သူ့အဖေ သူ့ဦးကြီးများလိုပဲ လူကောင်ကြီးတွေက ကြီးမားသန်စွမ်းကြံ့ခိုင်ကြသတဲ့။ အနော်ရထာမင်းကြီးရဲ့ မွေးစားမြေးတော်တွေ ဖြစ်နေပြန်တဲ့အတွက်လည်း မြင်းကိုအတောင်ပံထပ်ပေးလိုက်သလို အပျော်အပါး ကိုလွန်လွန်ကဲကဲလိုက်စား ရိုင်းလည်းအလွန်ရိုင်းပြ ကြသတဲ့။ အသီအားကိုး ဉာဏ်အားကိုးတွေမဟုတ်ဘဲ ဗလအားကိုးလက်ရုံးအားကိုးတုတ်ထိုးအိုးပေါက်တွေဖြစ်နေကြသတဲ့။ နောက်လိုက် ငယ်သားတွေတင်မက လူထုတွေကိုလည်း ကြုံသလို ရမ်းကားညှဉ်းဆဲတတ် သေးဆိုတယ်ကိုး။ လူ့အော့ကြောလန် လူ့ချဉ်ဖတ်တွေ ဘုရင့်မျက်နှာသာမရှိရင် ဘယ်သူမှ အဖက်မလုပ်ချင် ကြတဲ့ အော်ဂလီဆန်စရာလူ့မလိုင်ခဲကလေးတွေလို့ပဲ ဆိုကြပါစို့ကွယ်။

ရွှေဖျဉ်းညီနောင်တို့ အရွယ်ရောက်လာတဲ့အချိန်မှာ အနော်ရထာမင်းကြီးဟာ ဂန္ဓာလရာဇ်ပြည်ကို ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ဖို့ တပ်မတော်နဲ့ ခမ်းခမ်းနားနားဝင်းခင်းပြီး ခြိမ့်ခြိမ့်သဲသဲကြွတော်မူခဲ့သတဲ့။ ဘုရင့်မွေးစားသား လူစွမ်းကောင်းညီနောင်ဖြစ်တဲ့ ရွှေဖျဉ်းကြီးနဲ့ ရွှေဖျဉ်းငယ်တို့လည်း အတူတူပါလာခဲ့ကြသပေါ့။ ဂန္ဓာလရာဇ် ဆိုတာက တို့မြန်မာခေါ်အဝေါ်ပါ။ အဲဒီခေတ်အဲဒီအခါက အခုတရုတ်နိုင်ငံလို့ အမည်တွင်နေတဲ့ တိုင်းပြည်ကြီးမှာ ရှိခဲ့ဖူးတဲ့ မင်းနေပြည်တစ်ခုဖြစ်ပါတယ်။ အုပ်စိုးနေတဲ့ ဘုရင်က ဥတည်ဘွားတဲ့။

ဂန္ဓာလရာဇ်ဘုရင် ဥတည်ဘွားဟာ မဟာ တံတိုင်းကြီးနဲ့ ကာရံထားတဲ့ သူ့နေပြည်တော်ရဲ့ မြို့တံခါးတွေကို အခိုင်အလုံပိတ်ဆို့ပြီး ပုဂံတပ်တွေ မြို့ထဲဝင်လာခဲ့ရင် တိုက်ခိုက်ဖို့ စစ်ပြင်ပြီး နေနေသတဲ့။ အနော်ရထာမင်းကြီးက ရွှေဖျဉ်းညီနောင်တို့ရဲ့ အစွမ်းအစကိုယုံတယ်။ သူ့အဖေ လူစွမ်းကောင်းဗျတ္တနဲ့ သူ့ဦးကြီး ဗျတ်ဝိတို့ သထုံဘုရင်မနုဟာမင်းထံမှာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့တဲ့ အကြောင်းတွေကိုလည်း ကြားဖူးထားတဲ့သူ ဖြစ်လေတော့ ရွှေဖျဉ်းညီနောင်တို့ကို "ဂန္ဓာလရာဇ် ပြည်ထဲ တိတ်တဆိတ်ဝင်ရောက်ပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်ပင့်ဆောင်ခဲ့ရမယ်ကွယ့် ငါ့မြေးတော်များ" လို့ မိန့်တော်မူသတဲ့။ အမိန့်တော်ရတယ်ဆိုရင်ပဲ ရွှေဖျဉ်းညီနောင်ဟာ ဥတည်ဘွားရဲ့စစ်သည်သူရဲသူခက်တွေ အထပ်ထပ်ဝန်းရံ ပိတ်ဆို့ထားတဲ့ကြားကပဲ သူတို့ရဲ့ကြံ့ရည်ဖန်ရည်ဥပါယ်တံမျဉ်နဲ့ ရဲစွမ်းသတ္တိကိုသုံးပြီး ဥတည်ဘွားရဲ့နန်းတော်ထဲအထိ ဝင်ရောက်သွားနိုင်ခဲ့ကြတယ်။ ဗုဒ္ဓမြတ်စွယ်တော်ကိုလည်း ပင့်ဆောင်လာနိုင်ခဲ့ကြသေးသတဲ့။ " ပုဂံတပ်တွေကိုခုခံဖို့ အမိန့်ပေးခဲ့ရင် အခုတားထားတဲ့ ထုံးရစ်တွေအတိုင်း ခန္ဓာကိုယ်ကို သုံးပိုင်းပိုင်းပြီး သတ်ပစ်မယ် " လို့ လည်း စာရေးထားခဲ့ကြသေးသတဲ့။

သူရဲစစ်သည်တော် အထပ်ထပ်ကိုဖြတ်ပြီး နန်းတော်ထဲအထိဝင်နန်းဦးမှာ အစောင့်အကြပ်တွေ ဝန်းရံပူဇော်ထားတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်သွားနိုင်ရုံမျှမက သူ့ခန္ဓာကိုယ်ပေါ်မှာတောင် ထုံးသုံးရစ်တားပစ်ခဲ့နိုင်တဲ့ ပုဂံသားညီနောင်ကို ဥတည်ဘွားက သိပ်ကြောက်သွားတာပေါ့။ ပုဂံတပ်တွေကိုစစ်မက်ဖက်ပြိုင်မတိုက်ဝံ့တော့ဘူး။ " ပုဂံသည်သာ မြတ်စွယ်တော်ကိန်းဝပ်ရန်နေရာမြတ်မှန်ခဲ့ရင် ပင့်ဆောင်ပူဇော်ခွင့်ပြုပါတယ် " လို့ အသာတကြည်ပဲ ခွင့်ပြုလိုက်ရသတဲ့။

နော်ရထာမင်းကြီးကတော့ အမြတ်ဆုံးဆိုတဲ့ ဆင်ဖြူတော်ပေါ်ကပလ္လင်တော်ပေါ်မှာထိုင် နဝရတ်ကိုးပါးစီခြယ်ထားတဲ့ ရတနာပန်းတောင်းကို ရင်ခွင်မှာပိုက်

လို့ရွှေဖျဉ်းညီနောင် ပင့်ဆောင်လာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ဆီးကြိုပူဇော်ဖို့ မျှော်နေသတဲ့။ ဂန္ဓာလရာဇ်ပြည်မြို့တံခါးကနေ ရွှေဖျဉ်းညီနောင်တို့လည်း ထွက်လာခဲ့ကြရော သူတို့ပင့်ဆောင်လာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ဟာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလို့ တင့်တယ်သပ္ပာယ်စွာ တန်ခိုးပြာဋိဟာကို ပြတော့သတဲ့။ အနော်ရထာမင်းကြီးဟာ ကြီးစွာသော ပီတိနဲ့ ကြည်ညိုပူဇော်လို့ မဆုံးတော့ဘူး ရတနာပန်းတောင်းကို ဦးထိပ်မှာတင်လို့ အဓိဋ္ဌာန်ပြုဆုတောင်းလိုက်သတဲ့။

“အကျွန်ုပ်၌ ဤဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော် ထိုက်သောကုသိုလ်ပါရမီ ကံအခွင့် ရှိလျှင် မြတ်စွယ်တော်သည် ဤရတနာ ပန်းတောင်း၌ကိန်းဝပ်တည်နေတော်မူပါစေသတည်း ” တဲ့။

မြတ်စွယ်တော်က ရောင်ခြည်တော်တွေ ကွန့်မြူးလာလိုက်တာဟာ မိုးလုံးပြည့်မျှပဲ။ ဒါပေမဲ့ မြတ်စွယ်တော်ကဖြင့် ရတနာပန်းတောင်းထက်ကို ကြွချီမလာခဲ့ဘူးတဲ့။ မင်းကြီးကလည်း အကြိမ်ကြိမ်အခါခါဆုတောင်းရှာပါရဲ့ မအောင်မြင်ပါဘူး။ အနော်ရထာမင်းကြီးရဲ့ဘုန်းကံမကြီးလို့ ပုဂံနေပြည်တော်ဟာ မမြင့်မြတ်လို့ မဟုတ်ပါဘူး။ မြတ်စွာဗုဒ္ဓရဲ့သီရိရ ဓာတ်တော်မွေတော်တွေဟာ သူ့နေရာသူ့ ဌာနနဲ့သူပဲ ကိန်းဝပ်စေဖို့ မူလကတည်းက အဓိဋ္ဌာန်သတ်မှတ်ချက်ရှိနှင့်ပြီးသားမို့ပါ။ ဘယ်သူက ဘယ်လို ဘယ်လောက် လုံလဥဿဟ ကြည်ညိုမြတ်နိုးမှုအားကြီးစွာနဲ့ ပင့်လည်း ကြွချီတော် ကိန်းဝပ်တော်မမူပါဘူးတဲ့။

အဲဒီတော့မှ အနော်ရမင်းကြီးလည်း စိတ်လျှော့ပြီး ဂန္ဓာလရာဇ်ဘုရင် ဥတည်ဘွားက ဓမ္မပဏ္ဏာ (တရားလက်ဆောင် )အဖြစ်ဆက်သတဲ့ ဗုဒ္ဓမြတ်စွာရဲ့ နဖူးတော်ကဖြစ်တဲ့ ဓာတ်တော်တွေကိုသာပဲ ပင့်ဆောင်ပူဇော်လို့ ပုဂံပြန်ခဲ့ကြရတယ်။

ပုဂံကို ပြန်တဲ့လမ်းမှာ မင်းမြတ်အနော်ရထာရဲ့ပုဂံတပ်တော်ကြီးဟာ မဏ္ဍလတောင်တော်ရဲ့အနီးတောင်ပြုံးဆိုတဲ့ ရွာကလေးမှာ ခေတ္တခဏတပ်နားကြသတဲ့။ မဏ္ဍာတောင်ဆိုတာ အခု မန္တလေးတောင်ပေါ့။ တောင်ပြုံးရွာက မတ္တရာမြို့နယ်ထဲမှာ ရှိတယ်။ မန္တလေးတောင်အနောက်မြောက်ဘက် မနီးမဝေးမှာ ရှိလေရဲ့။ အဲဒီတပ်နားတဲ့နေရာမှာ ဆုတောင်းပြည့် စေတီတစ်ဆူတည်စေခဲ့သတဲ့။ အနော်ရထာမင်းကြီးရဲ့ လက်ရုံးစစ်သူကြီး ကျန်စစ်သားကို ကြီးကြပ်စေပြီး စစ်သည်သူရဲတွေ အားလုံးပါဝင်တဲ့ ကုသိုလ်တော် အဖြစ် တည်စေခဲ့တာပါ။ မင်းကြီးက “ တပ်မတော်ကြီးချီရာမှာ ပါဝင်သူမည်သူမဆို အုတ်တစ်ချပ်သဲတစ်ဆုပ်စီ သယ်ဆောင်ပူဇော်ကြရမယ်။ ဒီကုသိုလ်တော်အမှု ကိစ္စကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ကြီးစွာသော အပြစ်ဒဏ်ပေးတော်မူမယ် ” လို့ အမိန့်တော်ချထား သတဲ့။

အမှန်ကတော့ အမြော်အမြင်ကြီးတဲ့ တိုင်းပြုပြည်ပြု သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါးရဲ့ပညာနှင့်ယှဉ်တဲ့ကောင်းမှုတစ်ခုပါပဲ။ အဲဒီဒေသနေ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ မြတ်စွာဗုဒ္ဓရဲ့သရီရဓာတ်တော်တွေကို အားရပါးရ ဖူးမြော်ခွင့် ရဖို့ အချိန်လည်းရစေ၊ တပ်တော်ကြီးနားနေခိုက် အအုပ်အစည်းပျက်ပြီး မြို့တွေရွာတွေထဲကို စစ်သည်သူရဲတွေ ပေါက်လွှတ်ပဲစားမသွားမလာရအောင်အထိန်းအချုပ်လည်းဖြစ်စေ၊မင်း၊ ပြည်သူနဲ့ စစ်သည်သူရဲတွေလည်း တစ်သားတည်း ခိုင်မြဲတဲ့စည်းလုံးညီညွတ်မှုရစေ . . . ဒီလိုစေ တနာတွေနဲ့ ရည်ရွယ်ဆောင်ရွက်ခဲ့တာပါ။

မင်းကြီးရဲ့အမိန့်အတိုင်းစေတီတော်ကို အားလုံးက တညီတညွတ်တည်း တည်ထားပူဇော်ကြသတဲ့။ တစ်ယောက်ကိုအုတ်တစ်ခဲ၊သဲတစ်ဆုပ်၊ရေစင်ရေကောင်းတစ်ပုံးနှုန်းနဲ့ အားတက်သရော ဆောင်ရွက်လုပ်အားဒါနပြုကြသတဲ့။ အုန်းအုန်းခြိမ့်ခြိမ့် ကြီးပါပဲတဲ့။

အဲ . . . ဒါပေတဲ့၊ ဘုရားတည်ပြီးတဲ့အထိ ဘုရားရဲ့မျက်နှာစာ မုခ်ပေါက်နေရာမှာ အုတ်နှစ်ချပ်လပ်နေတုန်းပဲ။ အနော်ရထာမင်းကြီးရဲ့ မွေးစားမြေးတော်နှစ်ပါးဖြစ်တဲ့ လူစွမ်းကောင်းရွှေဖျဉ်းညီနောင်တို့ သယ်

ဆောင်ပူဇော်ရမဲ့ အုတ်နစ်ချပ်က ရောက်မလာတဲ့အတွက်ချန်ထားရတာတဲ့လေ။ မင်းကြီးကအစ တပ်တော်ကြီးချီရာမှာပါဝင်ခဲ့ကြတဲ့ စစ်သည်ကလေးများအဆုံး အားလုံးပူဇော်ခဲ့ပြီးကြပြီ။ ရွှေဖျဉ်းညီနောင်ကိုတော့ အရိပ်အယောင်တောင် မမြင်ကြရဘူး။

ဂန္ဓာလရာဇ်ပြည်မှာ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရင်းဘုန်းစွမ်းနဲ့ လူစပြနိုင်ခဲ့ကြရတဲ့ အတွက် အနော်ရထာမင်းကြီးက အလွန်မတန်နှစ်ထောင်းအားရတော်မူလွန်းလို့ မျက်နှာသာပေးတဲ့အတွက် သွေးနထင်ရောက်နေကြသလား။ " ဘုရားတည်တာပဲကွာ တို့အလုပ်မဟုတ်ပါဘူး " လို့ပဲ ခပ်ပေါ့ပေါ့တွေးထားကြလေသလား။ ဘယ်သူမှ အတိအကျမသိကြပေမဲ့ ရွှေဖျဉ်းညီနောင်တို့ကတော့စေတီတည်တဲ့အနားကိုလုံးဝရောက်မလာခဲ့ကြတာကတော့အမှန်ပဲတဲ့။

စေတီတည်တဲ့ နေရာကိုသာ မလာကြ မရောက်ကြတာ။ ရွာနီးချုပ်စပ်က ကျေးရွာဇနပုဒ်တွေမှာ ထင်သလိုမူးယစ်ရမ်းကားသောင်းကျန်နေလိုက်တာကဖြင့် ထောင်းလမောင်းထလို့တဲ့။ သူတပါး သားပျိုသမီးပျိုတွေကိုလည်း ဖျက်ဆီးတယ်။ လင်ရှိမယားတွေကိုလည်းချမ်းသာ မပေးဘူး စော်ကားတာပဲ။ ကလန်၊ သံပျင်၊ ရွာဆော်၊ သူကြီးတွေရဲ့တိုင်စာတွေဟာလည်း စစ်သူကြီးကျန်စစ်သားထံကို တဖွဲဖွဲရောက်လာမစဲ တသဲသဲ . . .တဲ့။

ဘုရားတည်လို့ပြီးပြီ။ အနော်ရထာမင်းကြီးဟာ ဆုတောင်းပြည့်ဘုရားကို ပူဇော်ဖူးမြှော်ဖို့ ကြွလာခဲ့တယ်။ တွေ့ပါပြီ . . . တွေ့လိုက်ပါပြီ။ မုခ်ပေါက်ဝက အုတ်နှစ်ချပ်လပ်နေတဲ့ နေရာကို။ မင်းကြီးဟာ စိတ်မသာမယာဖြစ်တော်မူရရှာတယ်။ " ဟဲ့ အဲဒါဟာ ဘယ်သူဘယ်ဝါတွေရဲ့လစ်ဟင်းမှုလဲဟဲ့။ ဒီလိုနေရာမျိုးမှာ လစ်လပ်နေပုံကြည့်ရတာဖြင့် သာမင်ညောင်ညထဲကမဟုတ်တန်ဘူး။ စစ်သူကြီးလား၊ စစ်ကဲလား၊ သွေးသောက်လား။ အမြန်လျှောက်တင်ကြစမ်း " လို့ မိန့်သတဲ့။ " မှန်လှပါ မြေးတော်ရွှေဖျဉ်းညီနောင်တို့ထမ်း ဆောင်ရမဲ့ အုတ်နှစ်ချပ်စာ လစ်လပ်နေခြင်းဖြစ်ကြောင်းပါဖုရား " လို့ အမှန်အတိုင်းလျှောက်တင်ကြရတယ်။

အနော်ရထာမင်းကြီးဟာ သူရဲ့အမိန့်ကို မလိုက်နာပဲ ဆန့်ကျင်ရဲတဲ့ ရွှေဖျဉ်းညီနောင်ကို သိပ်စိတ်ဆိုးတာပေါ့။ ဒါပေမဲ့ ဂန္ဓာလရာဇ်ပြည်မှာ ဂုဏ်ကြီးဆောင်ခဲ့တာလည်း မကြာသေးဘူး။ ပြီးတော့ သူတို့အဖေဖြစ်သူဗျတ္တရဲ့ အဖြစ်သနစ်ဆိုးကိုလည်း ပြန်သတိရမိတာကြောင့် ဘယ်လိုစီရင်ရမလဲ ဝေခွဲမရနိုင်ဖြစ်နေသတဲ့။

ထုံးစံအတိုင်းပဲသူတပါးထက်ထူးတဲ့စွမ်းတဲ့အောင်မြင်ပေါက်မြောက်တဲ့သူတွေမှာ မနာလိုသူ ဝန်တိုသူအဆင်းဘီးတပ်ချောက်တွန်းမဲ့ သူတွေရှိနေ တတ်တာများဘာဆန်းလို့တုန်း။ အခုလည်းဒီအတိုင်း ရှေ့ကလည်းဒီအတိုင်းချည်းပဲပေါ့။ လူတွေကိုး အတ္တမာနတွေဒေါသမောဟတွေနဲ့ချည်းကိုး။ အဲဒီတော့ "မှန်လှပါမိစ္ဆာဒိဋ္ဌိလွဲမှားသောအယူရှိတဲ့ တိုင်းခြားသွေး သားမြေးတော်များဟာ ဘာသာ၊ သာသနာကိုမထီလေးစားထိပါးတာပါဖုရား။ ထိရောက်စွာ ဆုံးမပြစ်ဒဏ်ပေးမှ သင့်လျှော်မဲ့ အမှုကိစ္စပါဖုရား " လို့ သာသာထိုးထိုးကလေးချွန်ကြ တွန်းကြ လျှောက်တင်ကြသတဲ့။ ဒါတွင်ဘယ်ကမလဲ ရွှေဖျဉ်းညီနောင်တို့ အရပ်ထဲမှာ ရမ်းကားသောင်းကျန်းကြတဲ့ အကြောင်းစုံကိုလည်း အကုန်အစင် အထုပ်ဖြည်ပြကြလေရဲ့။ မင်းကြီးလည်း မတတ်နိုင်တော့ဘူး။ " ကိုင်းပါကွယ် စစ်သူကြီး ကျန်စစ်သားကပဲ သင့်တော်သလိုကလေးတွေကို ဆုံးမလိုက်ပါ။ တပ်တော်ကြီးလည်း ပုဂံကိုဆက်ပြီး ချီကြစို့ရဲ့ " လို့မိန့်တော်မူသတဲ့။

ဘယ်တတ်နိုင်မတုန်း။ မင်းမိန့်ဖြစ်တဲ့အတိုင်း " ရွှေဖျဉ်းညီနောင်တို့ကို လိုက်လံရှာဖွေ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြ "လို့ စစ်သည်တွေကို အမိန့်ပေးရတယ်။ သူနဲ့ရင်နီးခင်မင်တဲ့ လူစွမ်းကောင်းဗျတ္တကြီးရဲ့ သားတွေမို့လည်း သံယောဇဉ်ရှိပါရဲ့။ အများကျေနပ်အောင် သင့်တော်သလို ဆုံးမပြီးရင် သူ့အနီးမှာထားပြီး စောင့်

ရှောက်ထားမှပဲ လို့လည်းတွေးထားသတဲ့။

ထင်သလိုဖြစ်မလာပါဘူး။ ရွှေဖျဉ်းညီနောင်ဟာ လွယ်လွယ်နဲ့ အသာတကြည်အဖမ်းမခံဘူးတဲ့။ နဂိုကမှ အားခွန်ဗလကြီးတဲ့ လူစွမ်းကောင်းတွေပဲဟာ စစ်သည်တွေကို ပြန်လည်ခုခံတိုက်ခိုက်ကြပါလေရော။ ဒါပေမဲ့ သူတို့က ညီအစ်ကိုနှစ်ယောက်တည်းရယ်။ ကျန်စစ်သားရဲ့ လက်အောက်မှာ သူတို့လို အစွမ်းသတ္တိထူးကဲတဲ့ သူရဲကောင်းတွေက အများကြီး ။ နောက်ဆုံးတော့ ရွှေဖျဉ်းညီနောင်အဖမ်းခံရတယ်။ သေလုနီးပါး ဒဏ်ရာကြီးတွေ ရထားလိုက်တာလည်း မနည်းမနောပဲ တဲ့။ သူတို့ကို ကြိုးနဲ့တုပ်ဖို့ကြိုးရှာတော့ "လွန်တောင်း" ဆိုတဲ့ရွာက လွန်ကြိုးတုတ်တုတ်ကြီးတွေထုတ်ပေးသတဲ့။ အဲဒီလိုပဲ ရိုက်နှက်ဆုံးမဖို့ တုတ်တောင်းတော့လည်း "ဝါးရင်းတုတ်" ရွာကဝါးရင်းတုတ်တွေပို့ပေးသတဲ့။ရွှေဖျဉ်းညီနောင်ဟာသူတို့ကိုဝိုင်းဝန်းဖမ်းဆီးတုန်းက ရထားတဲ့ ဒဏ်ရာတွေနဲ့ပဲ သေဆုံးသွားခဲ့ကြသတဲ့။

အဲဒီအကြောင်းစုံကို နော်ရထာမင်းကြီး သိတဲ့အခါ ထိခိုက်ကြေကွဲရပြန်တယ်။ " ကံအကျိုးပေးချင်း ဝဠ်ကြွေမွှာချင်း တူလိုက်တဲ့သားအဖတွေပဲ " လို့ ညည်းမိရှာပါရဲ့။

ပုဂံတပ်တော်ကြီးဟာ ပြည်တော်ပြန်ဖို့ပြင်ဆင်–ကြပြီ။ အနော်ရထာမင်းကြီးဟာ " ပြည်ကြီးမွန်ဖောင်တော် "နဲ့ ဧရာဝတီကို စုန်တော်မူတယ်။ မင်းကြီးရဲ့ ဖောင်တော်က မင်္ဂလာတောင်တည့်တည့်ကိုလည်း ရောက်ရောဖောင်တော်ဟာ တစ်ခုခုငြိမိထားဟန်တူပါရဲ့ မရွေ့မလျားတော့ပဲ ရေထဲမှာ တန့်ပြီးရပ်နေသတဲ့။ လှေတော်သားတွေ ရေထဲဆင်းကြ ငြိတွယ်နေတဲ့ သစ်မြစ်သစ်ငုတ် တွေကို ရှင်းကြလင်းကြ အလုပ်တွေရှုပ်လို့ပေါ့။ အနော်ရထာမင်းကြီးရဲ့ စိတ်ထဲမှာ လည်းလေးလံနေတယ်။သူ့မြေးတော်ရွှေဖျဉ်းညီနောင်ကို လွမ်းလို့ ရင်ကွဲမတတ်ခံစားနေရလို့ပေါ့။

" အင် . . . ငါ့မြေးတော်များဟာ ငါကိုယ်တော်မြတ်နဲ့မခွဲနိုင်မခွာရက်ကြရှာလို့တမလွန်ဘုံဘဝနာနာဘာဝအဖြစ်နဲ့ ငါ့ဖောင်တော်ကို တားထားကြဟန်တူပါရဲ့ ကွယ်။ ခမျာ များ ကုသိုလ်ကံဆိုးလှပလေတယ်။ မြေးတော်များအတွက် တစ်ခုခုစီစဉ်ပေးမှ သင့်မြတ်တော်မူပေလိမ့်မယ် " လို့ လည်းတွေမိတယ်ဆိုတာကိုး။

" ဟောဒီတောင်ပြုံးရွာ ဆုတောင်းပြည့်ဘုရားအနီးမှာ ငါ့မြေးတော်များခိုကိုးဖို့ နတ်ကွန်းနတ်နန်းများ တည်ဆောက်ကြစေ။ တောင်ပြုံးနယ်တစ်ပိုင်က မြေခွန် လယ်ခွန်များကို ငါ့မြေးတော်များအဖို့ ချီးမြှင့်တော်မူမယ်။ ဝါဆိုဝါခေါင် ရေတွေဖောင်တဲ့ ရာသီရောက်တဲ့အခါ နှစ်စဉ်တောင်ပြုံးဆုတောင်းပြည့် မြတ်စွာဘုရားဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပပြီး ငါ့မြေးတော်များနဲ့ အတူ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဂါဝရ ပူဇော်ရစ်ကြစေ။ ပျော်ပွဲရွှင်ပွဲ အငြိမ့်သည် သဘင်သည် တူရိယာ အတီးအမှုတ် များစုံလင်စွာ ကျင်းပပြီးငါ့မြေးတော်များနဲ့ အတူ ပျော်ပါးကြစေ။ နောင်သားအစဉ် မြေးအဆက် တိုင်အောင်မင်းတိုင်အမှု မင်းမိန့်အာဏာကို ဖီဆန်ရင် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထိပါးကြဲစည်ရင် ဤကဲ့သို့ အသက်ဆုံးကြရမည်။ ကျောသားရင်သားမခွဲဆုံးမတော်မူမည်ကို ပြောထုံးတွင်ရစ်ကြပစေ " လို့ အမိန့်တော်မှတ်သတဲ့။

အဲဒီကတည်းက ဒီကနေ့ထက်တိုင် တောင်ပြုံးဘုရားပွဲ ကိုကျင်းပလာခဲ့ကြတာ နှစ်စဉ်ပဲတဲ့။ မင်းကြီးမင်းလေးလို့လည်းခေါ်ကြသေးတဲ့ ရွှေဖျဉ်းညီနောင်တို့ ပျော်တဲ့ပွဲမို့ တောင်ပြုံးနတ်ပွဲလို့လည်း ခေါ်ကြပြန်တယ်။

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ



# ငန်းရိုင်း ၁၁ ကောင်

ဟိုးအဝေးကြီးက တိုင်းပြည်တစ်ခုမှာ ဘုရင်ကြီးတစ်ပါးရှိတယ်။ ဘုရင်ကြီး မှာသားတော် ဆယ့်တစ်ပါးနဲ့ အဲလစ်ဇာလို့ခေါ်တဲ့သမီးတော်တစ်ပါးရှိတယ်။ သူ့မိဖုရားကြီးကွယ်လွန်သွားတဲ့အခါသားတော်သမီးတော်တွေကို သူကိုယ်တိုင်ပဲ ပြုစုပျိုးထောင်တယ်။

ဘုရင်ကြီးနောက်ထပ် လက်ထပ်ဖို့ မဆုံးဖြတ်မီအထိ သူတို့ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့နေထိုင်ခဲ့ကြရတယ်။ မိဖုရားအသစ်က သူ့ရဲ့လင်ပါသားသမီးတွေကို မနှစ်သက်လို့ သူတို့နဲ့ပတ်သက်ပြီး လိမ်ညာမှုတွေ လုပ်တယ်။

တစ်နေ့မှာသူကကျိန်စာတစ်ခုကိုရွတ်ပြီးမင်းသားတွေကိုငန်းတွေအဖြစ်ပြောင်းပစ်လိုက်တယ်။ငန်းတွေဟာ အဝေးကိုပျံထွက်သွားကြတယ်။ ဆိုးယုတ်တဲ့မိဖုရားမဟာ ဘုရင်ကြီးက သူချစ်တဲ့သမီးတော်ကို နန်းတော်နဲ့ ဝေးရာ တောပိုင်းဆီပို့ဖို့လုပ်နိုင်ခဲ့တယ်။



နှစ်ပေါင်းများစွာ ကြာသွားတယ်။ အဲလစ်ဇာဟာ လှပပြီး နှစ်သက်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လာတယ်။ သူ့ရဲ့ဆယ့်ခြောက်နှစ်မြောက်မွေးနေ့မှာ ဘုရင်က သူ့ကိုဖိတ်ခေါ်တယ်။ အဲလစ်ဇာလှနေတာကို တွေ့တော့ မိဖုရားက မပျော်ရွှင်နိုင်တော့ဘူး။

အဲလစ်ဇာ ရောက်လာတဲ့အခါမှာ မိဖုရားက မီးသွေးမှုန့်တွေ အညစ်အကြေးတွေနဲ့ ပေကြံအောင် လုပ်ကြံလိုက်တယ်။



အဲလစ်ဇာကို တွေ့တော့ ဘုရင်က စက်ဆုတ်ရွံရှာတော့တာပေါ့။ ဒါနဲ့ သူက “ ဒါဘယ်သူလဲ။ ဒါ ငါ့သမီး မဟုတ်ဘူး။ အစောင့်တွေ သူ့ကိုဆွဲထုတ်သွားစမ်း ” လို့ အော်ဟစ်တယ်။ ဘာစကားမှ မပြောနိုင်ပဲ အဲလစ်ဇာဟာ အဝေး ကိုဆွဲသွားခံရ ရှာတယ်။



ငိုယိုနေတဲ့ အဲလစ်ဇာက ရဲတိုက်အပြင်ဘက် တောနက်ထဲမှာ လှည့်ပတ်သွားနေတယ်။ သူ့အစ်ကိုတွေကို သူသိပ်သတိရနေတာပေါ့။ ရေကန်တစ်ခုရဲ့အစပ်ကို ရောက်အောင် သူလမ်းလျှောက်သွားရင်း အဲဒီမှာ သူအပန်းဖြေနေမိတယ်။ နေထွက်ချိန်မှာခေါင်းပေါ်မှာ သရဖူဆောင်းထားတဲ့ ငန်းဆယ့်တစ်ကောင်သူ့အပေါ် ပျံသန်းလာတာတွေ့ပြီးနိုးထလာတယ်။



သူတို့က အောက်ကို နိမ့်ဆင်းလာပြီး၊ သူတို့ အတောင်တွေကို ချွတ်ချလိုက်ကြတယ်။ ချောမောလှပတဲ့ လုလင်ပျိုဆယ့်တစ်ယောက်က သူ့ရှေ့မှာ ရပ်နေကြတယ်။

အဲလစ်ဇာ သိပ်ပျော်သွားတယ်။ သူ့အစ်ကိုတွေနဲ့သူပြန်တွေ့သွားပြီပေါ့။





အကြီးဆုံးအစ်ကိုကပြောပြတယ်။ "နေထွက်လာတဲ့အခါတိုင်းမှာတို့ကငန်းတွေအဖြစ်ပြောင်းသွားလိမ့်မယ်။ နေဝင်ချိန်မှာ လူအဖြစ်ပြန်ပြောင်းကြတယ်။ ငါတို့နဲ့လိုက်ခဲ့ပါ။ ပိုက်ကွန်တစ်ခု တို့ယက်လုပ်ပြီး ညီမလေးကို တို့နှုတ်သီးဖျားပေါ်မှာချီသွားကြမယ်လေ"။ အဲလစ်ဇာက သဘောတူပြီးအဝေးကိုပျံလိုက်သွားတယ်။ သူ့အစ်ကိုတွေက သူ့ကိုအလှည့်ကျသယ်ဆောင်သွားကြတယ်။



ဝေးလံတဲ့နောက်တိုင်းပြည်တစ်ခုဆီ သူတို့အတူတူပျံသန်းသွားကြတယ်။ နေဝင်တဲ့အခါ သစ်တောအုပ်အနီးက ကွင်းပြင်တစ်ခုထဲမှာ သူတို့ဆင်းသက်ကြတယ်။ ဒီနေရာက သူတို့ရဲ့အိမ်အသစ်ဖြစ်လာမှာလေ။ အဲဒီညမှာ အဲလစ်ဇာ အိပ်မက်မက်တယ်။



နတ်သမီးတစ်ပါးပေါ်လာပြီး “ သင်္ချိုင်းမြေက ဖက်ယားပင်တွေ နှုတ်ယူပြီး အစ်ကိုတွေအတွက် ကုတ်–အင်္ကျီ တစ်ဆယ့်တစ်ထည်ချုပ်။ ကျိန်စာပြယ်သွားပြီး သမီးရဲ့ အစ်ကိုတွေက ကုတ်အင်္ကျီတွေဝတ်ထားတဲ့ လူသားတွေ ဖြစ်သွားလိမ့်မယ်။ ချုပ်နေချိန်မှာ စကားမပြောမိဖို့ သတိရပါ။ ဒီကတိကို သမီးချိုးဖောက်ရင် သူတို့သေသွားလိမ့်မယ်”။



ကျိန်စာကိုချေဖျက်ဖို့စဉ်းစားရင်း အဲလစ်ဇာနီးလာတယ်။ သင်္ချိုင်းမြေက ဖက်ယားပင်တွေ သူစကောက်တယ်။ သူ့လက်ဖျားတွေကသွေးထွက်တဲ့အထိ သူအင်္ကျီတွေချုပ်တယ်။ သူက စကားမပြောပဲနေတယ်။ သူ့အစ်ကိုတွေက သူချုပ်နေတာကို စောင့်ကြည့်နေကြတယ်။ သူ့မေတ္တာကို သူတို့ခံစားနေကြရတယ်။

တစ်နေ့မှာ သူတို့အနားက တောထဲကို မင်းသားတစ်ပါးတောလိုက်ထွက်လာတယ်။ တိတ်ဆိတ်စွာ အထည်ချုပ်နေတဲ့ အဲလစ်ဇာကို သူတွေ့တယ်။ သူ့အလှကို တွေ့တော့ မင်းသားက သူ့ကိုချစ်သွားတယ်။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အပ်ချုပ်နေတဲ့ အဲလစ်ဇာကို လက်ထပ်ဖို့ မင်းသားက သူ့ရဲတိုက်ဆီခေါ်သွားတယ်။ အဲလစ်ဇာက သူချုပ်ထားတဲ့ ကုတ်အင်္ကျီတွေကို တောက်လျှောက်ယူသွားတယ်။



ရဲတိုက်ထဲမှာလည်း အဲလစ်ဇာက အဝတ်တွေဆက်ချုပ်နေတုန်းပဲ။ စကားလည်း မပြောဘူးတဲ့။ တစ်ယောက်ယောက်က စကားလာပြောရင် ပြုံးတာနဲ့ ခေါင်းညိတ်တာပဲလုပ်သတဲ့။

တစ်ညမှာ အဲလစ်ဇာက နောက်ဆုံးကုတ်အင်္ကျီအတွက် ဖက်ယားပင်တွေပိုက်လျက် ရဲတိုက်ထဲကနေထွက်လာတယ်။ ရဲတိုက်အစောင့်က တွေ့သွားပြီး ဘုရင်ကိုလျှောက်တင်လိုက်တယ်။



ဘုရင်က သူ့သင်းအုပ်ဆရာကို အစောင့်မြင်ခဲ့တာကို ပြောပြတယ်။ “ ဒီမိန်းကလေးက စုန်းမပဲ။ သူသေ ရမယ် ” လို့ သင်းအုပ်ဆရာကပြောတယ်။ အဲလစ်ဇာကို စစ်မေးတဲ့အခါ သူက တစ်ခွန်းမှ ပြန်မဖြေဘူး။ မင်းသားက ဘုရင်ရဲ့အမိန့်ကို စောင့်ဆိုင်းဖို့ သူ့ကိုအကျဉ်းထောင်ထဲချထားလိုက်တယ်။ အဲလစ်ဇာက သူ့ကုတ်အင်္ကျီတွေကို သယ်သွားတယ်။ နောက်ဆုံးအင်္ကျီကို သူက ထောင်ထဲမှာ လက်စသပ်တယ်။



ဘုရင်က နောက်ဆုံးမှာ အဲလစ်ဇာကို သေဒဏ်ပေးလိုက်တယ်။ နောက်တစ်နေ့နံနက်မှာ အသံမထွက်တဲ့ မိန်းကလေး မီးရှို့အသတ်ခံရမှာကို လူအများကြီးလာကြည့်တယ်။

အဲလစ်ဇာက သူ့ရဲ့ကုတ်အင်္ကျီဆယ့်တစ်ထည်ကို သယ်လာတယ်။ သူ့ကို သယ်ထုတ်လာစဉ်မှာ သူက ကောင်းကင်ကိုမော့ကြည့်ပြီး သူ့အစ်ကိုတွေရောက်လာဖို့ စောင့်မျှော်နေတယ်။



ချက်ချင်းပဲ ငန်းငှက်ကြီးဆယ့်နှစ်ကောင် မြေပေါ်ကို ဆင်းသက်လာတယ်။ အဲလစ်ဇာက ငန်းတွေပေါ်ကို ကုတ်အင်္ကျီပစ်ပေးလိုက်တဲ့အခါငန်းတွေဟာမင်းသားတွေအဖြစ်ပြောင်းသွားတယ်။အဲလစ်ဇာကမင်းသားဘက်ကိုလှည့်ပြီးပြောလိုက်တယ်။ “ အခု အမှန်ကို သင်သိပါပြီ ” ဒါကို ကြားတော့ မင်းသားက အဲလစ်ဇာကို ခွင့်လွှတ်ဖို့တောင်းပန်ပြီး လက်ထပ်ခွင့်တောင်းတယ်။ သူကခွင့်လွှတ်ပြီး သူတို့နှစ်ဦး ပျော်ပျော်ရွှင်ရွှင်နဲ့ လက်ထပ် လိုက်ကြတယ်။

ပြီးပါပြီ။




ဗိုလ်ကြီး အေးချို တစ်ဟုန်ထိုး ပြေးထွက်ခဲ့တယ်။ ဂျပန်တစ်ယောက်က သေနတ်နဲ့လှမ်းပစ်တယ်။ မထိပါဘူး
သခင်စိုးအေး ဒီကောင်တွေ အစိတ်ဆယ်လောက် ဘဲရှိတယ်။ နှစ်ဖက်ဖြန့်ပြီး ချက်ခြင်းတိုက်မယ်...
ရှေ့ဘက်ခုံးမှာ သခင်စိုးအေးနဲ့ ရဲဘော်တွေ ပြေးဝင်လာတယ်။ ဗိုလ်ကြီး အေးချိုက ရှေ့ချဉ်း တိုက်ဖို့ ပေးလိုက်တယ်လေ...
ဟုတ်...


ဂျပန်တပ်ဟာ မကြာမီ ဆုတ်ခွာသွားတယ်။ ဂျပန်နှစ်ယောက်ကျကျန်ရစ်ပြီး ဗိုလ်ကြီးအောင်ချိုတို့ဘက်ကတော့ ဒဏ်ထိအခိုက် မရှိဘူးလေ။ မင်းရာမှာ တော်လှန်ရေးမှာ နည်းပြုပြီး နေရတဲ့ကာလတွေမှာ ဗိုလ်ကြီးအောင်ချိုတို့ ဟာ ဂျပန်နဲ့ မကြာခဏ တိုက်ပွဲဖြစ်ကြရတယ်...
ဒိုး
တစ်ညမှာ၊ ဗိုလ်ကြီးအောင်ချို ခေါင်းဆောင်တဲ့ ကင်းပုန်းတပ်ဖွဲ့ လယ်ကိုင်း၊ စကုကားလမ်းဘေး ကဥယျာဉ်ရှင်ရွာအနီး ကင်းပုန်း ဝပ်တယ်၊ မကြာမီ ဂျပန်ကားတစ်စီး ရောက်လာတော့ တိုက်ပွဲဖြစ်တော့တာပေါ့...
ဒိုး!!


ဂျပန်တပ်အထိနာစွာဆုတ်ခွာသွားရတယ်။ ဗိုလ်ကြီးအောင်ချိုကကောင်းပွန်းကိုမရတော့ဘူး၊ မကြာမီဂျပန်ကားနှစ်စီးဆက်တိုက်ရောက်လာတယ်။ ဗိုလ်ကြီးအောင်ချိုတို့အဖွဲ့ထိုက်ဖားချွန်ဆိပ်နဲ့ဆုတ်ခဲ့ရတယ်ကွယ်...
ဒီလိုနဲ့ ဖုံ့မြန်မာတစ်မျိုးသားလုံးအကြွ တော်လှန်ခဲ့တဲ့ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးပြီးခဲ့လေတယ်။ ဂျပန်ဟာ အရှုံးနဲ့ မြန်မာပြည်မှထွက်သွားရတယ်လေ...
တော်လှန်ရေးကြီးပြီးတော့မှဘဲ ဗိုလ်ကြီးအောင်ချိုဟာဖျာပုံသူဌေးတင်တင်အုန်းနဲ့လက်ထပ်ပါတယ်...
တော်လှန်ရေးပြန်စစ်သားလုပ်ထွက်ဗိုလ်ကြီးအောင်ချိုဟာအိမ်ထောင်ရှင်ဖြစ်လာတော့ အိမ်ထောင်တာဝန်ကိုဆန်ကုန်သည်လုပ်ငန်း၊ ရုန်းကန်ရတယ်လေ...


မကြာမီ–ဗိုလ်ကြီးအေးချိုကို အရေးကြီးတာဝန်ထမ်းဆောင်ရန်ဆင့်ခေါ် လို့ ရန်ကုန်ကိုထွက်ခဲ့ရာ ယခု။ ရန်ကုန်ရောက်တော့ "မြန်မာပြည်–သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့" တပ်ရင်း(၃)ကို တာဝန်ယူရတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့တာ (၅)ရက်သာရှိသေးတယ်။ ဗိုလ်ကြီးအေးချိုတို့ဟာ အလျင်အမြန်အရေးတကြီး ဖွဲ့စည်းခဲ့ရတယ်...
၁၉၄၈–ခုနှစ်ဧပြီလ(၄)ရက်နေ့မှာ မြန်မာပြည်လှုပ်ခတ်ခဲ့တယ်။ လှုပ်လဲပ်ရေးနဲ့အတူပါလာတာက ပြည်တွင်းသောင်းကျန်းမှု...
ဗိုလ်မှူးအေးချိုဦးစီးတဲ့ "မြန်မာပြည်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့" တပ်ရင်း(၃)ဟာ စစ်ရဲတပ်ရင်း(၂၁)ဖြစ်လာတယ်။ စစ်စည်းကမ်းကို–ချော သားရင်းသားမခွဲခြားဘဲ စစ်သည်တွေအကျပ်အတည်းဖြေတဲ့ ဗိုလ်မှူးအေးချိုကိုရဲဘော်တွေက ချစ်ကြောက်ရိုသေကြတယ်။


မြန်မာ့နိုင်ငံရေးအခြေအနေကလည်း ဆိုးသည်ထက်ဆိုးလာနေတယ်၊ မြို့တော်တော်များများကို သူပုန်ကသိမ်းတယ်။ ရန်ကုန်အစိုးရ လို့တောင် ပြက်ရယ်ပြုခံနေရတဲ့အချိန်။ အဲဒီအချိန်မှာ ဗိုလ်မှူးအေးချိုဟာ မေမြို့ ဗိုလ်သင်တန်းတက်ရတယ်။ ကိုယ်ပိုင်အမှတ် ဘီစီ/၅၁၀၀. ဗိုလ်မှူးအေးချိုဖြစ်ခဲ့ပြီ
ဗိုလ်မှူးအေးချိုဟာ နတ္တလင်းနယ် ဖိုးသာအောင်ကျွန်းတံတားတပိုက်မှာ တာဝန်ကျတယ်။ တပ်ခွဲတွေကို ဖြန့်ခွဲပြီး အသာကာမှဆင်းလာမဲ့ရန်သူကို စောင့်ရတာပါဘော...
၁၉၄၈. ခုနှစ်ဩဂုတ်လ (၁၉)ရက်။ ညဟာ မိုးရိပ်ဖုံးနဲ့မှောင်နေတယ်။ ည.(၁၉၀၀) နာရီ။ ဖိုးသာအောင်ကျွန်းတံတားမီးရထားလမ်းဖက်ကသံဘောင်ကိုကပ်ပြီး လူ(၃)ယောက်ချဉ်းကပ်လာတယ်။
ဟေ့... ဘယ်သူလဲ
အမိုက်ကလူး.....


စကားဝှက် မှားသွားပြီ။ ဒီညအတွက်စကားဝှက်က "ကျောင်း"။ ကင်းသမားဆီက
သေနတ်သံ ဆက်တိုက်ထွက်လာသလို တံတားသံဘောင်အားက လျှ (၃)စီး လည်း
ရေထဲကို ကားကနဲကျသွားတယ်လေ...
နတ္တလင်းရဲ့ဂူနားမှာ
ခြေပြုနေတဲ့ ဗိုလ်မျိုးအေး သူ့တို့က
ထမင်းစားဖို့လုပ်နေတုန်း ...
ကော...
တိုက်ပွဲဖြစ်ပြီ
ထင်တယ်...
အားမှု...
သေနတ်သံမနည်းဘူး၊
ဟိုကောင်တွေတံတားကို
ဖြတ်တက်
လာပြီထင်
တယ်.


ဗိုလ်မှူးအေးချိုဟာအနားမှာ ထောက်ထားတဲ့ ကာဘိုင်ဂိုလှမ်းယူကာတစ်ဟုန်ထိုးပြေးထွက်ခဲ့တယ်။ ဦးတည်ရာကားဖိုးသာအောင်ကုန်းတံတားသို့။ သူ့နောက်ကဗိုလ်ကြီးရဲအောင်နှင့်ဗိုလ်မြင့်အောင်ကပ်ပါသွားတယ်လေ...
တံတားဘောင်အေးက ဂါကြည့်တယ်။


ဪဒါ...
ရဲရဝင့်မှာဆုတ်
တယ်ဆိုတာ
မရှိဘူးကွ...
တပ်ပေါင်းစု
ရှေ့တက်-
နေရာယူ...


ရန်သူ့ဆီက ရုတ်တရက်ပစ်အားလျော့သွားတယ်။ ဗိုလ်မှူးအောင်ညိုဒီအခွင့်အရေးကိုအရယူလိုက်တယ်လေ။ ကာဘိုင်ကိုဖိုက်ရင်းပစ်ရင်းတံတားပေါ်ကို အပြေးတက်လိုက်တယ်....
ဗိုလ်မှူး... သတိထား
ဗိုလ်မှူး....


သိပ် မကြာလိုက်ဘူး၊ မိုက်ကိုဦးပြင်းလဲကျသွားတဲ့ဗိုလ်မှူးအေးချိုရဲ့ ပုံရိပ်ကို ညအမှောင်ကြား မှာ တွေ့လိုက်ရတာယ်။ သူရဲကောင်းတစ်ဦးရဲ့ နောက်ဆုံးပန်းချီကားတစ်ချပ်ပါ ပဲ ကလေးတို့ရေ...
ဗိုလ်မှူး
ဟာ
ဗိုလ်မှူးအေးချိုကိုသာယာဝတီဆေးရုံမှတဆင့်ရန်ကုန်ဆေးရုံကြီးသို့ပို့တယ်။ ဒဏ်ရာကပြင်းတော့.... မရတော့ဘူးလေ..
သူ့ကို (၁၉၄၈) ခုနှစ်ဩဂုတ်လ (၂၂) ရက်နေ့မှာသင်္ဂြိုဟ်ခဲ့တယ် ...
သတ္တိသွေးနဲ့ရေးခဲ့တဲ့သူ့ရဲ့နာမည်ကတော့ ကမ္ဘာတည်သရွေ့....
သတ္တိဆိုတဲ့စကား ရှိသလို ရဲ့တန်ဖိုးကိုကလေးတို့အလေးအနက် ဆင်ခြင်နိုင်ကြပါစေကွယ်...
ဦးဦး ၂၀၁၃



EVERYDAY
CEELIN®
နွေ၊ မိုး၊ ဆောင်း ဘယ်လိုပြောင်းပြောင်း
ကိုယ်ခံစွမ်းအား အစဉ်ကောင်း
နွေ၊ မိုး၊ ဆောင်း ရာသီတွေဘယ်လိုပြောင်းပြောင်း ရင်သွေးငယ်လေးတွေမှာ ကိုယ်ခံစွမ်းအားပြည့်ဝနေရင် ဖျားမှာနာမှာ စိတ်ပူစရာ မလိုတော့ဘူးပေါ့။ ဒါကြောင့် စီလင်း CEELIN® ကို နေ့စဉ် ပုံမှန်တိုက်ပါတယ်။ လိမ္မော်အရသာ စီလင်း CEELIN® မှာ ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားကို အကောင်းဆုံး မြှင့်တင်ပေးပြီး ကူးစက်ရောဂါနဲ့ ဖျားနာခြင်းတွေကို ကင်းဝေးစေပါတယ်။
ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်သည့်
လိမ္မော်အရသာ စီလင်း
100% PURE VITAMIN C PROTECTION
CEELIN ASCORBIC ACID
120 mL
100 mg/5 mL Syrup Vitamin
ASCORBIC ACID CEELIN®
60 mL
15 mL
100 mg/mL Syrup (Oral Drops) Vitamin
UNITED PHARMA
Serving Your Healthcare Needs
စီလင်း တိုက်ကျွေး မေ့ရင်သွေး ရောဂါမျိုးစုံ ကာကွယ်ပေး